# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၂၀၁)


## အရေးပေါ်အခြေအနေကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁ /၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**အရေးပေါ်အခြေအနေကြေညာခြင်း**

၁။ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဖော်ပြပါမြို့နယ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၂ (က) အရ အရေးပေါ်အခြေအနေကြေညာလိုက်သည်-

(က) **ကချင်ပြည်နယ်**

(၁) ဆွမ်ပရာဘွမ်မြို့နယ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၂ /၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

**စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် (၁/၂၀၂၆) ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လို



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၃**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ လည်းကောင်း၊ ယနေ့ မွန်းလွဲပိုင်းတွင် မိုင်းခတ်နှင့် မိုင်းယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား မိုင်းခတ်တပ်နယ်ခန်းမ၌ လည်းကောင်း သီးခြားစီ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❖


**ယနေ့**

*ဖတ် စ ရာ*

ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ချက်နှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ရေး တိုက်တွန်းနှိုးဆော်ချက်တို့နှင့် စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်

ပြည်တွင်းသတင်း | စာ ၆

အိုဘယ့် မိခင်ရေဝတီ (၁)

ဆောင်းပါး | စာ ၁၀





❑ *ရှေ့ဖုံးမှ*

(၂) ရွှေကူမြို့နယ်၊
(၃) အင်ဂျန်းယန်မြို့နယ်၊
(၄) ဆော့လော်မြို့နယ်၊
(၅) ချီဖွေမြို့နယ်။

**( ခ ) ကယားပြည်နယ်**

(၁) ရှားတောမြို့နယ်၊
(၂) ဖားဆောင်းမြို့နယ်၊
(၃) မယ်စဲ့မြို့နယ်။

**(ဂ) ကရင်ပြည်နယ်**

(၁) ကော့ကရိတ်မြို့နယ်၊
(၂) ကြာအင်းဆိပ်ကြီးမြို့နယ်။

**(ဃ) ချင်းပြည်နယ်**

(၁) ကန်ပက်လက်မြို့နယ်၊
(၂) ထန်တလန်မြို့နယ်၊
(၃) ပလက်ဝမြို့နယ်၊
(၄) တွန်းဇံမြို့နယ်၊
(၅) မင်းတပ်မြို့နယ်၊
(၆) မတူပီမြို့နယ်၊
(၇) ဖလမ်းမြို့နယ်။

**( င ) စစ်ကိုင်းတိုင်းဒေသကြီး**

(၁) ကောလင်းမြို့နယ်၊
(၂) ပင်လည်ဘူးမြို့နယ်၊
(၃) ခင်ဦးမြို့နယ်၊
(၄) ဝက်လက်မြို့နယ်၊
(၅) ကနီမြို့နယ်၊
(၆) ဒီပဲယင်းမြို့နယ်၊
(၇) ပုလဲမြို့နယ်၊
(၈) အင်းတော်မြို့နယ်။

**( စ ) မကွေးတိုင်းဒေသကြီး**

(၁) ပေါက်မြို့နယ်၊
(၂) မြိုင်မြို့နယ်၊
(၃) ဆောမြို့နယ်၊
(၄) ထီးလင်းမြို့နယ်၊
(၅) ရေစကြိုမြို့နယ်။

**(ဆ) မန္တလေးတိုင်းဒေသကြီး**

(၁) ငါန်းဇွန်မြို့နယ်။

**( ဇ ) ရခိုင်ပြည်နယ်**

(၁) ရမ်းဗြဲမြို့နယ်၊
(၂) ပေါက်တောမြို့နယ်၊
(၃) ပုဏ္ဏားကျွန်းမြို့နယ်၊
(၄) ရသေ့တောင်မြို့နယ်၊
(၅) ဂွမြို့နယ်၊
(၆) မောင်တောမြို့နယ်၊
(၇) ဘူးသီးတောင်မြို့နယ်၊
(၈) ကျောက်တော်မြို့နယ်၊
(၉) မင်းပြားမြို့နယ်၊
(၁၀) မြေပုံမြို့နယ်၊
(၁၁) မြောက်ဦးမြို့နယ်၊
(၁၂) သံတွဲမြို့နယ်၊
(၁၃) အမ်းမြို့နယ်၊
(၁၄) တောင်ကုတ်မြို့နယ်။

**( ဈ ) ရှမ်းပြည်နယ်**

(၁) နမ္မတူမြို့နယ်၊
(၂) မဘိမ်းမြို့နယ်၊
(၃) ကွတ်ခိုင်မြို့နယ်၊
(၄) နမ့်ခမ်းမြို့နယ်၊
(၅) သိန္နီမြို့နယ်၊
(၆) ကွမ်းလုံမြို့နယ်၊
(၇) နမ့်ဆန်မြို့နယ်၊
(၈) မန်တုံမြို့နယ်၊
(၉) ဟိုပန်မြို့နယ်၊
(၁၀) လောက်ကိုင်မြို့နယ်၊
(၁၁) ကုန်းကြမ်းမြို့နယ်၊
(၁၂) မိုးမိတ်မြို့နယ်၊
(၁၃) ကျောက်မဲမြို့နယ်၊
(၁၄) သီပေါမြို့နယ်၊
(၁၅) မိုင်းလားမြို့နယ်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀)အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

◆ *ရှေ့ဖုံးမှ*

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဧရာဝတီမြစ်ရေ မန္တလေးမြို့၌ လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်

နေပြည်တော် ဧပြီ ၂၃

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့၌ ၃၅၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၃

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ အမျိုးသမီးနှင့် ကလေးကုသဆောင်၌ ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာအား ထောက်ပံ့ပစ္စည်း ပေးအပ်စဉ်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင်တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့်ဆေးရုံအတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်သားများဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံမှုနှင့် စနစ်တကျ နေထိုင်တတ်မှုသည် အရေးကြီးကြောင်း၊ ကွပ်ကဲအုပ်ချုပ်သည့် ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင်ကစ၍ စည်းစနစ်တကျနေထိုင်ပြီး လက်အောက်ကိုလည်း စည်းကမ်းတကျ ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း၊ သို့မှသာ ပြည်သူက လေးစားအားကျ ယုံကြည်အားကိုးရသည့် တပ်မတော်သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

တပ်မတော်၏ ကောင်းမွန်သည့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာကွယ်ရန်မှာ တပ်မတော်သားအားလုံးတွင် တာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်အောင်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျ လေ့ကျင့်နေကြရန်လိုကြောင်း။

**စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လို**

တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံသည့် တပ်မတော်ဖြစ်ရန်လိုအပ်ပြီး စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်ယူထားသောစစ်ပညာများကို ကြံရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ရန် လိုအပ်ကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်းနှင့် ပြည်သူမှ ယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသော တပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မည်သည့်နေရာသို့ ရောက်သည်ဖြစ်စေ၊ မည်သည့်ကိစ္စကို လုပ်ဆောင်သည်ဖြစ်စေ အခြေခံအချက်များနှင့်ပြည့်စုံပြီး ပုံစံတကျရှိနေရန်လိုကြောင်း၊ ယူနီဖောင်းဝတ်ဆင်မှုနှင့် သွားလာလှုပ်ရှားမှုတို့တွင် ပုံစံတကျဖြစ်နေရန်လိုပြီး ၎င်းအချက်သည် စစ်ရေးစွမ်းရည်အပိုင်းတွင် များစွာအထောက်အကူပြုကြောင်း၊ စည်းကမ်းဆိုရာတွင် သတ်မှတ်ထားသော ဆံပင်ပုံစံ၊ ဝတ်စားဆင်ယင်မှုမှစ၍ အခြေခံကျကျ အလေးထားလိုက်နာရန်လိုကြောင်း၊ ထို့အပြင် အထက်အောက်လေးစားမှု၊ အမိန့်နာခံမှု၊ သစ္စာရှိမှုကို ဖော်ညွှန်းသည့် အလေးပြုခြင်းစနစ်ကိုလည်း သတ်မှတ်ပုံစံတကျ ဆောင်ရွက်သွားရန်လိုကြောင်း။

**စည်းကမ်းကောင်းမွန်မှုသည် အရေးကြီး**

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါ မကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်မှုအားနည်းလျှင် စည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန် စည်းကမ်းကောင်းမွန်မှုသည် အရေးကြီးကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ထောက်တိုင် ၃ ရပ် ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက် လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သည် အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်သော အဖွဲ့အစည်းဖြစ်သည့်အတွက် ခေါင်းဆောင်မှုပိုင်းသည် အလွန်အရေးကြီးကြောင်း၊ တပ်မတော်တွင် အဆင့်ဆင့်သတင်းပို့တင်ပြမှုသည် အရေးကြီးသည့်အတွက် မှန်မှန်ကန်ကန်ဖြင့် အတ္တ၊ ပရညီညွတ်မျှတစွာ သတင်းပို့တင်ပြရန်လိုကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း လက်အောက်က သတင်းပို့တင်ပြမှုများအပေါ် အရေးတယူ မှန်မှန်ကန်ကန်ဆောင်ရွက်ပေးကြရန်လိုကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင် ဦးဆောင်သူများသည် မှန်ကန်သောဦးဆောင်မှုများ လုပ်ဆောင်သွားရန်လိုပြီး မှန်ကန်သော ဦးဆောင်မှုဆိုသည်မှာ ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့် ကိုက်ညီလုပ်ဆောင်ရန်လိုကြောင်း၊ တပ်မတော်သားများအနေဖြင့် စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစား အပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရမည်ဖြစ်ကြောင်း။




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မိုင်းခတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။**

**တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု**

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် နေရေး၊ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့် အခြားအထွေထွေလိုအပ်ချက်များကို တတ်စွမ်းသရွေ့ အမြဲမပြတ် ဖြည့်ဆည်းပေးလျက်ရှိပြီး ထိုက်သင့်သည့်ချီးမြှင့်မှုများနှင့် လိုအပ်သည့် သက်သာချောင်ချိရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဖော်ဆောင်ပေးသွားရန် အလေးထားမှာကြားလိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလို အားကောင်းလာမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိဝင်ငွေနှင့် ထွက်ငွေကို မျှတစွာသုံးစွဲတတ်ရန် လိုအပ်ပြီး တာဝန်ရှိသူများကလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့်ထွက်ငွေ မျှတစေရေး၊ ခြိုးခြံချွေတာရန် လိုအပ်သကဲ့သို့ မလိုလားအပ်ဘဲ အပိုကုန်ကျနိုင်မည့် အပျော်အပါး၊ လောင်းကစားမှုဆိုင်ရာကိစ္စ စသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန်လိုအပ်ကြောင်း။

**လိုအပ်သည်များ စဉ်ဆက်မပြတ်ပံ့ပိုး**

တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပညာရည်မြင့်မားစေရေးအတွက် လိုအပ်သည်များ စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မိဘများအနေဖြင့်လည်း စစ်သည်များ၊ ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန်၊ တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း။

တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့်ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီ ပေးအပ်သည့် အမိန့်နှင့်တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကို အသုံးချ၍ ပြည်သူကအားကိုးရသည့် တိုင်းပြည်ကအားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်၍ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်လိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူးနှင့်တပ်နယ်မှူးတို့က လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးနှင့် တပ်နယ်မှူး၏ဇနီးက လည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းတွင်လည်း တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ပျိုး/မွေးမြူရေးဇုန်အတွင်းရှိ နို့စားနွား၊ အသားတိုးနွား၊ DYL ဝက်၊ ငါး၊ ဥစားကြက်၊ အသားစားကြက်၊ ကာကီကင်းဘဲများ၊ ဒေသကြက်များ မွေးမြူထားရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ပျိုး/မွေးမြူရေးဇုန်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂ / ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂ /၂၀၂၆
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ခုနှစ်၊ ဧပြီလ ၂၃ ရက်)

၁။ နိုင်ငံတော်သမ္မတရုံးသည် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်အမှတ်၊ ၁/၂၀၂၆ ကို ထုတ်ပြန်၍ ယင်းအမိန့်ပါ မြို့နယ်များကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ်၊ ၂/၂၀၂၆ အရ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများတွင်ပါဝင်သော ယင်းဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ပါမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းလိုက်သည်။

၂။ သက်ဆိုင်ရာ တိုင်းမှူးများသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေ အရပ်ရပ်ပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည်။

ပုံ
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၆**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

၁။ နိုင်ငံတော်သမ္မတရုံး၏ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၆၊ ၂/၂၀၂၆နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၆ တို့တွင် ဖော်ပြပါရှိသည့် မြို့နယ်များနှင့် သက်ဆိုင်သည့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ တိုင်းမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
- (၁) **တရားရုံးများဖွဲ့စည်းခြင်း။** သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
- (၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
- (၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
  - (ကက) သေဒဏ်၊
  - (ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
  - (ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
- (၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများကချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာ တိုင်းမှူးတို့၏ အတည်ပြုချက်ရရှိမှသာအတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
  - (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
  - (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
  - (ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့လျှော့ပေါ့ ပြောင်းလဲခြင်း။
  - (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။
- (၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။
- (၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည့်နေ့မှ (၁၅)ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅)ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှု စီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-
  - (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
  - (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
  - (ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
  - (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
- (၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင် ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ သက်ဆိုင်ရာတိုင်းမှူးတို့သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်းဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ အစီရင်ခံရမည်။

ပုံ
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

# ငြိမ်းချမ်းရေးအတွက်ဖိတ်ခေါ်ချက်နှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ရေး တိုက်တွန်းနှိုးဆော်ချက်တို့နှင့် စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီး PDF အမည်ခံအဖွဲ့အစည်းအသီးသီးတို့သည်လည်း နိုင်ငံတော်အစိုးရ၏ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည်ခိုလှုံဝင်ရောက်ရန် နှိုးဆော်တိုက်တွန်းထားရာ ဆက်သွယ်ဆောင်ရွက်လိုပါက အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **လုပ်ငန်းကော်မတီရုံး (နေပြည်တော်)**
- (၁) ၀၃၂-၃၀၀၃၇၊ ၀၃၂-၃၀၁၅၅၊ ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၆၁၁၉၈၅၅၄၊ ၀၉-၂၆၁၁၇၉၀၀၅

(ခ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၉၁၀၁၆၆၉၊ ၀၉-၃၉၁၀၁၈၁၇၊ ၀၁-၃၃၃၁၆၃၅
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၅၄၃၆၇၈၇၊ ၀၉-၂၆၁၁၇၉၀၂၂

(ဂ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ကယားပြည်နယ်)**
- (၁) ၀၃၄-၃၂၁၃၁၊ ၀၃၄-၃၇၃၀၅၊ ၀၃၄-၃၇၃၀၆၊ ၀၃၄-၃၇၃၁၄
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၆၄၃၈၀၇၀၇၊ ၀၉-၈၈၅၆၀၄၅၄၅

(ဃ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ကရင်ပြည်နယ်)**
- (၁) ၀၃၇-၃၆၄၀၈၊ ၀၃၇-၃၆၂၀၇၊ ၀၅၈-၂၀၂၃၄၃၇၊ ၀၅၈-၂၀၂၃၄၃၈
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၄၂၅၂၉၄၃၅၁၊ ၀၉-၈၉၃၃၃၇၅၇၅

(င) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ချင်းပြည်နယ်)**
- (၁) ၀၇၃-၃၂၃၁၄၊ ၀၇၃-၆၀၅၃၄၊ ၀၁-၃၃၃၆၆၀၀
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၄၀၀၇၂၄၈၉၉၊ ၀၉-၂၅၄၉၄၈၇၅၄

(စ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၃-၃၂၃၆၆၊ ၀၇၃-၃၁၂၁၂၊ ၀၇၁-၂၀၃၂၅၃၁
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၈၄၆၇၀၂၄၊ ၀၉-၂၆၁၁၇၉၁၀၂

(ဆ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၃၇-၄၀၀၀၅၊ ၀၉-၆၉၆၇၁၁၅၇၇၊ ၀၅၉-၂၀၂၃၆၂၄၊ ၀၅၉-၂၀၂၃၆၂၅
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၈၄၇၇၁၁၁၊ ၀၉-၆၉၅၁၁၇၆၇၆၊ ၀၉-၂၅၆၄၈၀၂၉၅

(ဇ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၃၂-၃၃၁၄၃၊ ၀၃၂-၃၃၁၄၆၊ ၀၅၂-၂၂၀၁၈၀၀၊ ၀၅၂-၂၂၀၀၇၈၉၊
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၄၅၅၅၄၂၁၈၆၊ ၀၉-၈၉၉၆၂၃၈၆၆

(ဈ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၃၂-၃၁၀၄၆၊ ၀၃၂-၃၂၆၁၀၊ ၀၆၃-၂၀၂၈၇၇၊ ၀၆၃-၂၀၂၆၆၃၈
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၃၀၅၂၅၈၀၊ ၀၉-၂၆၁၁၇၉၁၆၇၊ ၀၉-၂၅၅၀၀၂၅၁၀

(ည) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၃၃-၃၃၀၅၃၊ ၀၃၃-၃၃၁၄၇၊ ၀၂-၄၀၂၄၉၈၂၊ ၀၂-၄၀၃၉၀၈၁
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၇၀၁၀၉၇၉၇၊ ၀၉-၄၅၅၃၆၅၁၇၁

(ဋ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (မွန်ပြည်နယ်)**
- (၁) ၀၃၇-၃၀၀၄၈၊ ၀၃၇-၃၀၀၁၁၊ ၀၅၇-၂၀၂၇၉၁၀၊ ၀၅၇-၂၀၂၇၉၁၁
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၅၉၃၂၃၂၀၊ ၀၉-၄၂၆၂၇၆၃၀၅

(ဌ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ရခိုင်ပြည်နယ်)**
- (၁) ၀၃၂-၃၁၇၇၇၊ ၀၃၂-၃၁၇၁၁၊ ၀၉-၈၉၉၆၂၁၄၂၀
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၅၃၇၆၂၆၉၊ ၀၉-၈၉၉၆၄၁၉၂၁

(ဍ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၃၁-၂၅၉၃၆၊ ၀၃၁-၂၅၉၄၄၊ ၀၁-၈၃၀၁၂၀၅၊ ၀၁-၈၂၂၁၀၁၇၊
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၀၇၈၈၂၁၆၊ ၀၉-၄၄၃၄၄၀၁၁၃

(ဎ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ရှမ်းပြည်နယ်)**
- (၁) ၀၉-၃၉၁၀၄၆၇၀၊ ၀၃၄-၃၈၆၁၂၊ ၀၃၄-၃၃၁၀၄၊ ၀၈၁-၂၂၀၁၉၂၂
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၇၂၂၇၃၃၁၂၊ ၀၉-၂၅၂၇၉၈၈၅၉

(ဏ) **လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၃၁-၂၁၁၂၁၊ ၀၃၁-၂၁၀၀၃၊ ၀၄၂ - ၂၃၆၇၅
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၂၁၂၆၈၀၁၊ ၀၉-၉၇၁၀၉၅၀၅၀

၂။ အပြုသဘောဆောင်သည့် ဆက်သွယ်လာမှုများကို လက်ခံဖြေကြား၍ ဆက်လက်ဆောင်ရွက်ရမည်များကို ရှင်းလင်းပြောကြားပေးခြင်း၊ သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ**

## ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မာဂူလန် ဘိုင်မူခန် အား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဧပြီ ၂၃**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မာဂူလန် ဘိုင်မူခန် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မာဂူလန် ဘိုင်မူခန် ကို ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်များတွင် ခရာကော်စီးပွားရေးတက္ကသိုလ်မှလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ကနေဒါနိုင်ငံရှိ ဗန်ကူဗာတက္ကသိုလ်မှလည်းကောင်း ဘွဲ့များရရှိခဲ့ပါသည်။ မစ္စတာ ဘိုင်မူခန်သည် ၁၉၉၉ ခုနှစ်တွင် ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ကာ သံတမန်ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပိုလန်နိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဘယ်လ်ဂျီယံနိုင်ငံနှင့် လူဇင်ဘတ်နိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ဆိုင်ရာ ကာဇက်စတန်အဖွဲ့ရုံး၏ အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့အပြင် ၎င်းသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကာဇက်စတန် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၎င်းသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန် သံအမတ်ကြီးအဖြစ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ ကာဇက်စတန်အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

မစ္စတာ မာဂူလန် ဘိုင်မူခန် သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး လေးဦးရှိပါသည်။

**သတင်းစဉ်**

## သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်းသို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရယူထားသူ ဆလိုင်းရန်လင်းမာန်၏ Chin World သတင်းအေဂျင်စီ၊ ဦးဂျေမှိန်းထန်းစန်းငါ၏ KHONUMTHUNG MEDIA GROUP သတင်းအေဂျင်စီနှင့် ဦးမင်းထက်အောင်၏ မျက်မှောက်ခေတ်(Nowadays News) သတင်းအေဂျင်စီတို့သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)ပါ စည်းကမ်းချက်ကိုလိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းတို့အား ထုတ်ပေးထားသည့် သတင်းအေဂျင်စီလုပ်ငန်းများကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီများအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဧပြီ ၂၃**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အဖွဲ့ဝင်များတွေ့ဆုံ၍ လုပ်ငန်းစဉ်များ ဆွေးနွေး



**နေပြည်တော် ဧပြီ ၂၃**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး အတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှု အရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သော လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီး ဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်ရည်ရွယ်၍ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အဖွဲ့ဝင်များတွေ့ဆုံ၍ လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ၅ ဦး အပါအဝင် ကော်မတီဝင် စုစုပေါင်း ၁၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် ညှိနှိုင်းရေးကော်မတီကို ၂၀၂၂ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ယခင် NCA အရ ငြိမ်းချမ်းရေးကို ဆောင်ရွက်ရန် UPDJC၊ JMC တို့ဖြင့် ဖွဲ့စည်းထားရှိပြီး ToR၊ SOP တို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ JMC တွင် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရန်ပါရှိသဖြင့် JMC အရပ်သားကိုယ်စားလှယ်များနှင့် JMC–TSC တို့ဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုများအား လိုအပ်သူများထံသို့ ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ရွေးကောက်ခံအစိုးရအဖွဲ့၊ လွှတ်တော် ကိုယ်စားလှယ်များ ရှိပြီဖြစ်သဖြင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် UPDJC၊ JMC လုပ်ငန်းစဉ်များအား ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ယနေ့ အစည်းအဝေးသည် အသစ်ပြန်လည်ဖွဲ့စည်းထားသည့် ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ NSPNC အနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ခြင်း အချက်တစ်ခုဖြစ်သည့် လူသားချင်း စာနာမှု အကူအညီများ ထောက်ပံ့ပေးခြင်းကို အမှန်တကယ် လိုအပ်သည့် ပြည်သူများထံ JMC နှင့် ပေါင်းစပ်၍ ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံများမှ သဘောတူညီထားပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသည့် အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ သဘောတူညီချက် ၇၂ ချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ NSPNC အဖွဲ့ဝင်သစ်များ အနေဖြင့်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အကောင်အထည် ဖော်နိုင်မည့် နည်းလမ်းများအား အကြံပြုဆွေးနွေး ပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကော်မတီဝင်များက ဆွေးနွေးရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး အတွက် အထောက်အကူ ဖြစ်ကြောင်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးသည် အရေးကြီးကြောင်း၊ NCA သည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံး ဖြစ်သည်ကို အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပြသရန်လိုကြောင်း၊ ယခင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသည့် လူပုဂ္ဂိုလ်များပါဝင်သည့် စေ့စပ်ညှိနှိုင်းမည့် အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အကူအညီလည်း ရယူဆောင်ရွက်သွားသင့်ကြောင်း၊ ဆွေးနွေးရာတွင် အမှားကို ထောက်ပြခြင်းထက် အမှန်လမ်းကြောင်းကို ချပြဆွေးနွေးသင့်ကြောင်း၊ ငြိမ်းချမ်းရေး အကျိုးဆောင်များ ရွေးချယ်ဆောင်ရွက်ခြင်းမျိုး ပြုလုပ်သင့်ကြောင်း၊ ဆွေးနွေးမှုများတွင် ပြည်သူလူထုအသံ ပိုမိုပါဝင်အောင် ဆောင်ရွက်သင့်ကြောင်း၊ လူသားချင်း စာနာထောက်ထားမှုများ ဆက်လက်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေး၊ သတင်းအချက်အလက်ဖြန့်ဝေခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ငြိမ်းချမ်းရေးသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အားကိုလည်း ရယူရန်လိုကြောင်း၊ ပဋိပက္ခဒေသရှိ ဒေသခံများ၏ အားကိုလည်း အသုံးချ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မီဒီယာကဏ္ဍအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဒေသအတွင်းရှိပြည်သူလူထုများထံ ရောက်ရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြီးနောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံပွဲကျင်းပ



**နေပြည်တော် ဧပြီ ၂၃**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ(A)၌ ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်း အင်အား ၈၀၀ ကျော် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်တွင် ရက် (၁၀၀) စီမံချက်နှင့် စပ်လျဉ်းပြီး အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကိုလည်း ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပေါင်းစပ်၍ ရက်ပေါင်း (၁၀၀)အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍ မြင့်မားလာရေးနှင့် ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေး ပညာသင်ကြားသည့် အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်း ဆောင်ရွက်ပေးရန်နှင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်ဦးမော့လာစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးတို့အတွက် ယခင်ထက်ပိုပြီး ပိုမိုကောင်းမွန်သည့် အတွေးအခေါ်၊ အယူအဆများနှင့် အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် အားကစားကဏ္ဍတိုးတက်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူတိုင်းတွင်အလုကိုယ်စီနှင့် မတူညီသည့် အရည်အချင်းများကိုယ်စီရှိကြကြောင်း၊ အားလုံးပြိုင်တူတွန်းလျှင် ရွေ့သည့်အတွက် မြန်မာ့အားကစား ပြန်လည်ဦးမော့လာအောင် စိတ်တူကိုယ်တူဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးညီညီက မိမိဝန်ကြီးဌာနနှင့် အားကစားလောက ဖွံ့ဖြိုးတိုးတက်၍ မြန်မာ့အားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် စိတ်နှစ်ပြီး နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ပြည်ထောင်စုဝန်ကြီး ချမှတ်ထားသည့် မဟာဗျူဟာများအတိုင်း နည်းဗျူဟာများကို စနစ်တကျရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းပေးပို့ထားသည့် ပန်းပေါင်းစုံ ဘုရားအဆူ ၄၅ ဆူကို အမှုထမ်း ၆၁၁ ဦးတို့အား မဲနှိုက်ပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပြီး ဘုရားမဲပေါက်သည့် ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပန်းပေါင်းစုံဘုရားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှု

**နေပြည်တော် မေ ၂၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် ဦးထွန်းလူ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးလျှင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လေကြောင်းထိန်းမျှော်စင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် မြန်မာ့မီးရထား၊ နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ Battery Electric Locomotive (BEL) တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ်ရထားတွဲ (Battery Electric Multiple Unit–BEMU) တည်ဆောက်နေမှုများနှင့် မေ ၁ ရက်တွင် ရန်ကုန်–မန္တလေး လမ်းပိုင်း၌ စတင်ပြေးဆွဲမည့် DEMU အမြန်ရထားများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ လေကြောင်းထိန်းမျှော်စင် တာဝန်ယူတည်ဆောက်လျက်ရှိသည့် Pioneer Aerodrome Services (PAS) ကုမ္ပဏီမှ တာဝန်ရှိသူများက လေကြောင်းထိန်းမျှော်စင် အသစ်တည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ထားမှု၊ မြေသားစမ်းသပ်ဆောင်ရွက်ထားမှု၊ တည်ဆောက်မည့် လေကြောင်းထိန်းမျှော်စင်ဒီဇိုင်းတို့ကို ရှင်းလင်းတင်ပြပြီး Bore Pile ဆောင်ရွက်နေမှုနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြေငလျင်ဒဏ်ခံနိုင်သည့် Structure ဒီဇိုင်းဖြစ်ကြောင်း သက်ဆိုင်ရာကော်မတီများ၏ သဘောထားမှတ်ချက်၊ စစ်ဆေးမှုကိုခံယူပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်သည့် အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ရန်၊ လုပ်ငန်းအပိုင်းအလိုက် ပြီးစီးချိန်တွင် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ/ မရှိ စံချိန်စံညွှန်းစစ်ဆေးရေးနှင့် လုပ်ငန်းကြီးကြပ်ရေးကော်မတီများဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အသေးစိတ်မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့မီးရထား၊ နေပြည်တော်စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့သွားရောက်၍ Battery Electric Locomotive တည်ဆောက်နေမှုများ၊ ဘက်ထရီလျှပ်စစ်ရထားတွဲ (BEMU) တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ခေါင်းထုတ်လုပ်တပ်ဆင်မှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်၊ စက်ခေါင်းများကို သတ်မှတ်အချိန်ဇယား (Working Schedule) နှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁ ရက်တွင် ရန်ကုန်–မန္တလေး လမ်းပိုင်းတွင်စတင်ပြေးဆွဲမည့် DEMU အမြန်ရထားတွဲများကို စစ်ဆေးကြည့်ရှုပြီး ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ လိုက်ပါစီးနင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရ၏ ရက် (၁၀၀) ကာလအတွင်း ဦးစားပေးဆောင်ရွက်သွားမည့်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ ကျင်းပ

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စု လွှတ်တော်တွင် ကျင်းပခဲ့သော ကတိသစ္စာပြုပွဲ အခမ်းအနား၊ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်း၊ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားနှင့်ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားခဲ့မှုများ၊ အစိုးရ၏ ရက် (၁၀၀) ကာလအတွင်း ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတွက် ဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၃၄) စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ Virtual အစီအစဉ်ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မေ ၁၀ ရက်တွင် ပြည်ထောင်စု လွှတ်တော်၌ ကျင်းပခဲ့သော နိုင်ငံတော်သမ္မတ ကတိသစ္စာပြုပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတက တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများအား စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေကြရန်၊ အလုပ်လုပ်ကြရန် ပြောကြားခဲ့ကြောင်း၊ အစိုးရသစ်၏ ရည်မှန်းချက်များဖြစ်သော စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စု စနစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု၏ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်တည်ဆောက်ရေးဆိုင်ရာ အဓိကမူဝါဒနှင့် လုပ်ငန်းစဉ်များအနေဖြင့် ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်စနစ်တည်ဆောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်၊ ပြည်သူ့လူမှုဘဝမြှင့်တင်ရေးနှင့် လျှပ်စစ်ကဏ္ဍ၊ နိုင်ငံတကာဆက်ဆံရေး၊ တရားမျှတမှုနှင့်ညီညွတ်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း။

ဆက်လက်၍ မေ ၂၀ ရက်တွင်ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့် နိုင်ငံ့စီးပွားတိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့် ကဏ္ဍများဖြစ်ကြသည့် စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် MSME ကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ (ဒစ်ဂျစ်တယ်ဖွံ့ဖြိုးရေး)၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ စသည်တို့တွင် တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကိုပြောကြားခဲ့ကြောင်း။

ယင်းတို့အနက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထားတိုးမြှင့်ရေးစီမံချက်အနေဖြင့် ချေးငွေများတိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါတို့နှင့်စပ်လျဉ်း၍ ကျပ် သုံးသိန်းအထိလည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးကို ကျပ်နှစ်သိန်းခွဲအထိလည်းကောင်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်တို့နှင့်စပ်လျဉ်း၍ ကျပ် တစ်သိန်းခွဲအထိလည်းကောင်း စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ လယ်ယာသုံးစက်ကိရိယာ ချေးငွေနှင့်စပ်လျဉ်း၍ ကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍပေးမည်ဖြစ်ပြီး ကျပ်သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍ ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ပညာရေးကဏ္ဍမြင့်မားလာစေရေးအတွက် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာ၏ ၉ ဒသမ ၂၂ ရာခိုင်နှုန်း သုံးစွဲသွားမည်ဖြစ်ပြီး လာမည့်ငါးနှစ်အတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့် သုံးစွဲသွားရန်ရှိကြောင်း ပြောကြားခဲ့ကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေများကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျ သုံးစွဲသွားကြရန် မှာကြားခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ကြရာတွင် အလုပ်အပေါ် ဂုဏ်ယူတတ်စေရန်နှင့် စေတနာထားကာ တာဝန်သိသိ သစ္စာရှိရှိဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဖွင့်ပွဲအခမ်းအနားအတွင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲတွင် တာဝန်ယူကြမည့် ဒိုင်များအနေဖြင့် ဘက်လိုက်မှုကင်းစွာနှင့် ချမှတ်ထားသည့် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြရန်၊ ယှဉ်ပြိုင်မည့် အားကစားသမားများအနေဖြင့်လည်း ပြိုင်ပွဲမှချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြရန်နှင့် နောင်တစ်ချိန်တွင်လည်း နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် ထူးချွန်အားကစားသမားများဖြစ်လာအောင် ကြိုးစားကြရန် ပြောကြားသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွဲ့ထက်ကို (ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အစိုးရအဖွဲ့၏ရက်ပေါင်း(၁၀၀) စီမံကိန်းတွင် ပေးအပ်ထားသော ရည်မှန်းချက် တာဝန်များကို ကာလတိုအတွင်း အောင်မြင်အောင် ဆောင်ရွက်ရန်မှာကြား




**နေပြည်တော် ဧပြီ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉) နေပြည်တော်ရှိ လောကနတ်ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိအစိုးရ၏ အနာဂတ်ဆောင်ရွက်မည့်အစီအစဉ်များကို အသိပေး ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံ့စွမ်းအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရာတွင်အရေးပါသည့် ဝန်ကြီးဌာနဖြစ်ကြောင်း၊ တာဝန်သိသိ သစ္စာရှိရှိဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးနှင့် ဝန်ကြီးဌာနအကျိုးကို မိသားစု သဖွယ်စိတ်ဓာတ်ဖြင့် ထမ်းဆောင်သွားရန် လိုအပ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် တော်တည့်မှန်ကန်စွာ နေထိုင်၍ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသည် ပြည်ပနိုင်ငံများနှင့် ထိတွေ့ဆက်ဆံ၍ အောင်မြင်အောင် ဆောင်ရွက်ခြင်းနှင့် ပြည်တွင်း၌ အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ငန်းများပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေးတွင်ရန်သူကို ကြားနေဖြစ်အောင် ဆောင်ရွက်ခြင်း၊ ကြားနေကို မိတ်ဆွေဖြစ်အောင် ဆောင်ရွက်ခြင်း၊ မိတ်ဆွေကို မဟာမိတ်ဖြစ်အောင် ဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ ကျန်နိုင်ငံများအားလုံးနှင့်လည်းကောင်း ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀) စီမံကိန်းတွင် ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များကို ကာလတိုအတွင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ပတွင် သွားရောက်တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံရပ်ခြားတွင် ရငွေနှင့် သုံးငွေမျှတစွာသုံးစွဲရန်၊ သားသမီးများ ပြည်ပတွင် ပညာသင်ကြားရာတွင် မိမိတို့နိုင်ငံအပေါ် မျိုးချစ်စိတ်ရှိရန်၊ အမျိုး၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရေး သင်ကြားပေးရန်လိုကြောင်း။

ဝန်ထမ်းများ ကျန်းမာရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လျှောင်ကာလအလွန် ဝန်ထမ်းနေအိမ်ခန်းများတွင် အပြည့်အဝပြန်လည်နေထိုင်နိုင်ရေးကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းများ အောင်အောင်မြင်မြင်ဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဧပြီ ၂၃**

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(မြေညီထပ်)၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တပ်မတော်မှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ဧပြီ ၃၀ ရက်တွင်ကျရောက်မည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနား ငါးမျိုးကို ယခင်နှစ်များနည်းတူ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်နှင့် ဥပ္ပါတသန္တိစေတီတော်တို့တွင် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရာသီဥတုပူပြင်းလာသည်နှင့်အညီ မိုး၊ လေ ပါလာတတ်သည့်အတွက် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် ကိစ္စများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ အခမ်းအနားကြီးသို့ ပင့်ဆောင်တော်မူမည့် ဆရာတော်ကြီးများ၏ ကျန်းမာရေး၊ ပါဝင်ဆောင်ရွက်ကြမည့်ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သွားလာနေထိုင်ရေးများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံချက်ရေးဆွဲထားရှိပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် "ဗျာဒိတ်တော်ခံယူတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း၊ ပွင့်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်း" သရုပ်ပြယာဉ်များ တာဝန်ပေးအပ်ထားသည့် အခြေအနေများကို တင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက "ပွင့်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်း" အစီအစဉ်များတွင် လိုက်ပါမည့် ကျောင်းသား ကျောင်းသူများကို လေ့ကျင့်ရေးစခန်းသို့ အချိန်မီစေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ကောင်းမွန်သူများကိုသာ ရွေးချယ် စေလွှတ်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေး အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် "ဗျာဒိတ်တော်ခံယူတော်မူခြင်း" သရုပ်ပြယာဉ် တည်ဆောက်ပြီးမှုကို ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ "ဖွားမြင်တော်မူခြင်း" သရုပ်ပြယာဉ် တည်ဆောက်ပြီးစီးမှုကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်းကောင်း၊ "ပွင့်တော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်း" သရုပ်ပြယာဉ် တည်ဆောက်ပြီးစီးမှုကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးက ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာမဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့ ဧပြီ ၃၀ ရက်တွင် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး လှူဖွယ်ပစ္စည်းနှင့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ စာတမ်းဖတ်ပွဲ၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ၊ ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲ၊ ဓမ္မသဘင်ဆင်ယင်ကျင်းပပွဲအခမ်းအနားတို့ကို နိုင်ငံတော်အဆင့် အခမ်းအနားများအဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## (၂၃-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၈.၂ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၃,၉၄၉,၈၅၁.၆၀ | ၁၇,၅၂၇,၉၀၃.၅၅ | ၁၃,၂၇၄,၅၃၅.၈၃ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ဂျုံ၊ စားသုံးကုန်စည်များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၇၆ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄ သန်းကို လည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၅ သန်းကိုလည်းကောင်း ၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၉၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# အိုဘယ့် မိခင် ဧရာဝတီ (၁)

**တယော(ရေသယံဇာတ)**

**စာရေးသူ ယခုရက်ပိုင်းအတွင်း နားထဲစွဲစွဲမြဲမြဲရှိနေအောင် နားထောင်မိနေသော သီချင်းများက (ဆရာ) မြင့်မိုးအောင် ရေးသားပြီး (ဦး)ဇော်ဝင်းထွဋ် သီဆိုထားသည့် "မျှော်လင့်ချက်ကမ်းခြေ"နှင့် (ဆရာ) ထူးအိမ်သင် ကိုယ်တိုင်ရေးသားသီဆိုထားသော "ရာဇဝင်များရဲ့သတို့သမီး"တို့ ဖြစ်ပါသည်။**

ဤသီချင်းကောင်းများက မိမိတို့ မြန်မာနိုင်ငံ၏ အသက်သွေးကြောဟု တင်စားခေါ်ဝေါ်ကြသော မိခင်ဧရာဝတီမြစ်ကြီးအကြောင်း ရေးသားဖွဲ့သီထားခြင်းဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ၏ အသက်သွေးကြော၊ ကျွန်တော်တို့နိုင်ငံ၏ မိခင်ဖြစ်သော ဧရာဝတီမြစ်ကြီးသည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ထိခိုက်နိုင်သလား၊ တည်ဆောက်မည့်တမံက ငလျင်ဒဏ်ခံနိုင်မလား၊ ဆည်၏ အောက်ဘက်ဒေသများတွင် ရေခန်းခြောက်နိုင်သလား၊ နိုင်ငံတော်ကရရှိမည့် အကျိုးအမြတ်က ဘာတွေရှိမလဲ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သလား လူမှုကွန်ရက်မှာ ပြောဆိုဝေဖန်ရေးသားနေကြသလို မလုပ်သင့်သော စီမံကိန်းလား၊ စီမံကိန်း၏ အားသာချက်၊ ကောင်းကျိုးတွေက ဘာလဲဆိုသည်ကို သိချင်စိတ်၊ လေ့လာဆန်းစစ်ချင်စိတ်များ ဖြစ်ပေါ်လာခဲ့၍ ဆရာ့ရုံးခန်းဘက်သွားကာ ရုံးအဖွဲ့ထံ သတင်းပို့ပြီး တွေ့ခွင့်တောင်းခဲ့ပါသည်။

ဆရာ့ရုံးခန်းထဲရောက်သည့်အခါ လုပ်လက်စအလုပ်များကို လုပ်နေရင်း မိမိအား သူ၏ ရုံးစားပွဲရှေ့ထိုင်ခုံတွင် ထိုင်စေ၍ မိမိ၏ လာရင်းကိစ္စအကြောင်းရင်းကို မေးလေသည်။ မိမိလည်း အချိန်မဆိုင်းတော့ဘဲ အလုပ်များပြီး မအားသော ဆရာသမားကပေးသည့် အချိန်အပိုင်းအခြားအတွင်း မိမိသိချင်သော ဧရာဝတီမြစ်ကြီးနှင့် ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သမျှ အကြောင်းအရာများကို မေးမြန်းရာ ဆရာကလည်း နိုင်ငံတကာ စံနမူနာများဖြင့် အသေအချာရှင်းလင်း သင်ကြားပေးခဲ့ပါသည်။ ဆရာ့ရုံးခန်းမှအထွက် ဧရာဝတီမြစ်ကြီးနှင့် ပတ်သက်ပြီး မိမိကဲ့သို့ လူမှုကွန်ရက်များနှင့် သတင်းမီဒီယာများထက်တွင် ပျံ့နှံ့နေသော သတင်းအမှား၊ အချက်အလက်အမှားများကို ယုံလွယ်ပြီး မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းအပေါ် ဆန့်ကျင်ကန့်ကွက်လိုသူများအား ဆရာရှင်းပြပေးသော သတင်းအမှန်၊ အချက်အလက်အမှန်ကို သိစေရန်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးမည် ဆုံးဖြတ်ခဲ့ပါသည်။

**"ဧရာဝတီမြစ်ကြီး၏ မိုးရာသီရေစီးဆင်းမှုနှင့် နွေရာသီရေစီးဆင်းမှုပမာဏမှာ များစွာကွာခြားမှုရှိနေသောကြောင့် နွေရာသီတွင် ရေခန်းခြောက်မှုပြဿနာများရှိ၍ ရေကြောင်းကုန်စည်ကူးသန်းသွားလာရေးအတွက် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ နှစ်စဉ်ပုံမှန်စီးဝင်နေသောရေကို အကျိုးရှိစွာ သိုလှောင်အသုံးချပြီး နွေရာသီ ရေရှားပါးမှုပြဿနာများ ဖြေရှင်းနိုင်သလို ရေအားအမြင့် လုံလောက်စွာရရှိနိုင်သော နေရာများတွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်၍ လျှပ်စစ်ထုတ်လုပ်သင့်ပေသည်။ ထို့ပြင် ရေအားလျှပ်စစ်တမံများသည် မိုးရာသီ မိုးများမှုကြောင့် ရေကြီးရေလျှံမှုကို အတန်အသင့်ကာကွယ်နိုင်ရန် လိုအပ်သော ကာကွယ်ရေးအစီအမံများအဖြစ်ပါ အသုံးချနိုင်ပေမည်"**

**မိခင်ဧရာဝတီမြစ်ကြီးသည် ဟိမဝန္တာတောင်တန်း၏ အရှေ့ဘက်အစွန်ဆုံး ဘိုရှုလာတောင်တန်းများမှ စတင်လာပြီး မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ မြောက်ဘက် ၂၆ မိုင် ၅ ဖာလုံခန့်အကွာတွင် မေခမြစ်နှင့် မလိခမြစ် မြစ်နှစ်သွယ်တို့ ပေါင်းဆုံမြစ်ဖျားခံ၍ မြန်မာပြည်တစ်လျှောက် ဖြတ်သန်းစီးဆင်းကာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့အနီး၌ မြစ်မြွာများ ကွဲထွက်ပြီး မြစ်ဝကျွန်းဒေသတစ်ခု ဖြစ်ပေါ်ကာ မုတ္တမပင်လယ်အတွင်းသို့ စီးဝင်ပါသည်။ ဧရာဝတီမြစ်ကြီးသည် စုစုပေါင်း ရေဆင်းဧရိယာအဖြစ် စတုရန်းကီလိုမီတာ အကျယ် ၄၁၃၇၁၀ ရှိပြီး အလျားကီလိုမီတာ ၂၁၇၀၊ မိုင်အားဖြင့် ၁၃၇၅ မိုင် ရှည်လျားပါသည်။ ပျမ်းမျှရေထုစီးနှုန်းအနေဖြင့် ၁၃၀၀၀ ကုဗ မီတာ/စက္ကန့်ရှိပြီး မြစ်ကြောင်းအတွင်း သင်္ဘောများသွားလာနိုင်သော အလျားမှာ မိုင် ၉၅၀ ရှိပါသည်။**

ဧရာဝတီမြစ်ကြီးကို ချင်းတွင်းမြစ် စီးဝင်ပေါင်းဆုံသောနေရာမှ အထက်ဘက်ကို ဧရာဝတီမြစ်အထက်ပိုင်းနှင့် ထိုစီးဝင်ပေါင်းဆုံသော နေရာမှ အောက်ဘက်မြစ်ဝကျွန်းပေါ်ဒေသ မစတင်မီ ဟင်္သာတမြို့အထိ အပိုင်းကို ဧရာဝတီမြစ်အောက်ပိုင်းဟု ယေဘုယျ သတ်မှတ်ထားကြပါသည်။ ချင်းတွင်းမြစ်ကို နိုင်ငံ၏ အဓိကမြစ်များထဲတွင် ထည့်သွင်းဖော်ပြကြသော်လည်း ဧရာဝတီမြစ်အတွင်း စီးဝင်သည့် အရေးပါသော မြစ်လက်တက်တစ်ခုဟုလည်း ဆိုနိုင်ပြန်သည်။ ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်နှင့် ပေါင်းဆုံသောနေရာတွင် ရေဆင်းဧရိယာ စတုရန်းကီလိုမီတာ ၁၁၅၃၀၀ ခန့်ရှိပြီး ချင်းတွင်းမြစ်၏ နှစ်စဉ် မိုးတွင်းကာလ ရေဆင်းမှုပမာဏသည် ဧရာဝတီမြစ်ကြီး၏ ၄၀ ရာခိုင်နှုန်းခန့်ရှိပါသည်။

ဧရာဝတီမြစ်ကြီးအတွင်း စီးဝင်ကြသော မြစ်လက်တက်များအဖြစ် ဧရာဝတီမြစ်အထက်ပိုင်းတွင် မြစ်ကြီး၏ လက်ယာဘက်မှ မိုးကောင်းချောင်းနှင့် မူးမြစ်၊ လက်ဝဲဘက်မှ တာပိန်မြစ်၊ ရွှေလီမြစ်၊ ချောင်းမကြီးချောင်း၊ မြစ်ငယ်မြစ်(နမ္မတူမြစ်)၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်နှင့် စမုန်ချောင်းတို့ဖြစ်ကြသည်။ ဧရာဝတီမြစ်အောက်ပိုင်းတွင် ယင်းချောင်း၊ ပင်းချောင်း၊ ဘွက်ကြီးချောင်း၊ မြောက်နဝင်းချောင်းနှင့် တောင်နဝင်းချောင်းတို့က လက်ဝဲဘက်မှ စီးဝင်ပြီး ယောချောင်း၊ စလင်းချောင်း၊ မန်းချောင်း၊ မုန်းချောင်းနှင့် မင်းတုန်းချောင်းတို့က လက်ယာဘက်မှ စီးဝင်ကြသည်။

မြန်မာပြည်၏ အထက်မှအောက်၊ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေသော မိခင်ဧရာဝတီမြစ်ကြီးသည် မြန်မာပြည်၏ အဓိကပြည်တွင်း ရေကြောင်းသွားလာရေး လမ်းကြောင်းကြီးဖြစ်သည့်အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ဆန်ရေစပါးများကို မြန်မာပြည်အထက်ပိုင်းသို့ တင်ပို့ရောင်းချရာ ကုန်သွယ်ရေးလမ်းကြောင်းကြီးဖြစ်သည်။

သို့သော် **ဧရာဝတီမြစ်ကြီး၏ မိုးရာသီရေစီးဆင်းမှုနှင့် နွေရာသီရေစီးဆင်းမှုပမာဏမှာ များစွာကွာခြားမှုရှိနေသောကြောင့် နွေရာသီတွင် ရေခန်းခြောက်မှုပြဿနာများရှိ၍ ရေကြောင်းကုန်စည်ကူးသန်းသွားလာရေးအတွက် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ နှစ်စဉ်ပုံမှန်စီးဝင်နေသောရေကို အကျိုးရှိစွာ သိုလှောင်အသုံးချပြီး နွေရာသီ ရေရှားပါးမှုပြဿနာများ ဖြေရှင်းနိုင်သလို ရေအားအမြင့် လုံလောက်စွာရရှိနိုင်သော နေရာများတွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်၍ လျှပ်စစ်ထုတ်လုပ်သင့်ပေသည်။ ထို့ပြင် ရေအားလျှပ်စစ်တမံများသည် မိုးရာသီ မိုးများမှုကြောင့် ရေကြီးရေလျှံမှုကို အတန်အသင့် ကာကွယ်နိုင်ရန် လိုအပ်သော ကာကွယ်ရေးအစီအမံများအဖြစ်ပါ အသုံးချနိုင်ပေမည်။**

## မြစ်တွေ ဘယ်လိုဖြစ်ပေါ်လာသလဲ

မြစ်ကြမ်းပြင်နှင့် မြစ်ကြောင်းများက ဘူမိဗေဒ မြေမျက်နှာသွင်ပြင်နှင့် အောက်ခံမြေလွှာများ ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး အဆိုပါ မြေမျက်နှာသွင်ပြင်၏ အထက်ဘက်ဒေသများတွင် မိုးရွာသွန်းခြင်း၊ ဆီးနှင်းကျခြင်း၊ ရေခဲများအရည်ပျော်ခြင်း စသည့်သဘာဝဖြစ်ရပ်များကြောင့် ရေစီးဆင်းမှုဖြစ်ပေါ်လာသည်။ ထိုရေများသည် လျှိုမြောင်းများမှတစ်ဆင့် မြောင်းငယ်၊ ချောင်းငယ် အသွယ်သွယ် ဖြတ်သန်းစီးဆင်းပြီး မြစ်ပြင်မှတစ်ဆင့် ပင်လယ်သမုဒ္ဒရာဆီသို့ စီးဆင်းသွားကြလေသည်။ ကမ္ဘာဦးအစကတည်းကပင် တောတောင်ရေမြေသဘောသဘာဝများ ဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာမှုများကြောင့် မြစ်ချောင်းများသည် ပုံသဏ္ဍာန်မျိုးစုံ ပြောင်းလဲဖြစ်တည်ခဲ့ကြရသည်။

ရေ၏ သဘောသဘာဝအရ မြင့်ရာမှနိမ့်ရာသို့ စီးဆင်းသောကြောင့် မြစ်ချောင်းများ၏ အရင်းအမြစ်သည် များသောအားဖြင့် တောင်တန်းဒေသများနှင့် ကုန်းမြေမြင့်ဒေသများတွင် မြစ်ဖျားခံလေ့ရှိပြီး မြေပြန့်လွင်ပြင်များကို ဖြတ်သန်းစီးဆင်းကာ မြေနိမ့်ဒေသနှင့် ပင်လယ်၊ သမုဒ္ဒရာတို့တွင် အဆုံးသတ်ကြပါသည်။ မြစ်ရေစီးဆင်းမှုသည်လည်း ရာသီဥတုနှင့် မိုးရွာသွန်းမှုအပေါ်မူတည်၍ အမြဲပြောင်းလဲနေပါသည်။ မိုးရာသီ၊ မိုးများသည့်ကာလများတွင် မြစ်ရေမြင့်တက်လာပြီး ရေစီးနှုန်းများပြားကာ ရေကြီးရေလျှံမှု၊ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်သကဲ့သို့ နွေရာသီနှင့် မိုးနည်းသောကာလများတွင် မြစ်ရေလျော့နည်းတတ်ပါသည်။ မြစ်များသည် မြေမျက်နှာပြင်ကို ပြောင်းလဲစေသော အင်အားကြီးမားသည့် သဘာဝအင်အားတစ်ရပ်ဖြစ်ပြီး မြစ်ရေစီးအားကြောင့် မြစ်ကမ်းပါးနှင့် မြစ်အောက်ခံမြေပြင်ကို တိုက်စားတတ်သည်။ သဲ၊ သစ်ပင်၊ သဲနုန်းများကို မြစ်အောက်ပိုင်းဒေသများသို့ သယ်ဆောင်တတ်ကြသည်။ ရေစီးအားနှေးသည့် နေရာများတွင် သဲနုန်းများ စုပြုံကာ မြစ်ဝကျွန်း၊ မြေနုကျွန်းများ ဖြစ်ပေါ်စေပါသည်။

မြစ်များသည် အချိန်ကြာလာသည်နှင့်အမျှ လမ်းကြောင်းပြောင်းလဲနိုင်သည့် သဘောသဘာဝရှိသည့်အတွက် မြစ်ပြင်ကျယ်ပြန့်လာခြင်း၊ မြစ်ရေစီးကြောင်း ပြောင်းလဲခြင်း၊ မြစ်ကော ချောင်းကောများ ဖြစ်ပေါ်လာခြင်း၊ သဲနုန်းများ တင်ပို့မှုများပြားလာခြင်းများလည်း ဖြစ်ပေါ်နေပြန်သည်။ မြစ်ကမ်းပါးတိုက်စားမှု၊ သဲနုန်းစုပြုံမှုများကြောင့် ကွေ့ကောက်သော မြစ်လမ်းကြောင်း၊ မြစ်ဟောင်းကန်၊ မြစ်ကျိုးအင်း စသည်တို့ ဖြစ်ပေါ်လာတတ်ပါသည်။ မြစ်များသည် သဘာဝဂေဟစနစ်အတွက် အလွန်အရေးပါပြီး ရေသတ္တဝါများ၊ ငါးများ၊ အပင်များနှင့် တိရစ္ဆာန်များ၏ အသက်ရှင်ရေးအတွက် အခြေခံရေအရင်းအမြစ်ဖြစ်သလို လူသားများအတွက်လည်း သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်ဓာတ်အား(ရေအားလျှပ်စစ်)နှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး စသည့်အရေးပါသော အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပါသည်။

သမိုင်းတစ်လျှောက် လူ့ယဉ်ကျေးမှု အများစုသည်လည်း မြစ်ကမ်းဘေးတွင် မွေးဖွားဖွံ့ဖြိုးလာခဲ့ကြသည်။ ဧရာဝတီ၊ နိုင်း၊ ယန်ဇီ၊ တိုင်ဂရစ်နှင့် ယူဖရေးတစ်စ်မြစ်များသည် လူ့ယဉ်ကျေးမှုကြီးများ ပေါက်ဖွားရာ အခြေခံအရင်းအမြစ်များ ဖြစ်ကြလေသည်။ မြစ်သည် သဘာဝရေဂေဟစနစ်၏ အဓိကအင်အားတစ်ရပ်ဖြစ်ပြီး မြေမျက်နှာပြင်ကို ပြောင်းလဲစေသည့် သဘာဝအင်အား၊ လူ့အသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထောက်ပံ့ပေးသည့် အသက်ရှင်မှု အခြေခံအရင်းအမြစ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် မြစ်များကို ထိန်းသိမ်းကာကွယ်ပြီး တည်တံ့ခိုင်မြဲစွာ အသုံးချနိုင်ရေးက အနာဂတ်ကမ္ဘာကြီးအတွက် မဖြစ်မနေလိုအပ်သော တာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။

## ရှေးမြန်မာတို့ လယ်ယာမြေအတွက် ရေကို ဘယ်လိုအသုံးပြုခဲ့ကြသလဲ

ရှေးယခင် ခေတ်အဆက်ဆက် သောက်ရေ၊ သုံးရေ ရှားပါးခဲ့ခြင်းပြဿနာကို အဘိုးအဘွား၊ မိဘများ၏ ပြောစကားများအရ သိရှိမှတ်သားခဲ့ရပြီး ရေ၏တန်ဖိုးနှင့် အသုံးဝင်ပုံကို သတိပြုမိခဲ့ပါသည်။ အညာဒေသတွင် မိုးရွာမှ လယ်ယာစိုက်ပျိုးရေးအတွက် ရေရတတ်ကြသလို တံစက်မြိတ်မှ ကျလာသည့်ရေကိုခံပြီး ရေတံလျှောက်နှင့်ရေလှောင်ကန်ဆီ သွယ်တန်းရယူထားသောရေကို သုံးရေအဖြစ် လုပ်ကြရပါသည်။ ရှေးမြန်မာများ လယ်ယာအတွက် ရေရရှိရေး စီမံခန့်ခွဲပုံကို လေ့လာသိရှိရသလောက် ရေးသားရလျှင် ရှေးမြန်မာနိုင်ငံ၌ မိုးရာသီ မိုးများသော်လည်း မိုးမရွာသည့်ကာလမှာ ခြောက်လခန့်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် ရေရှားပါးသောကြောင့် ရေထိန်းသိမ်းရေးနှင့် ရေဖြန့်ဝေရေးသည် လယ်ယာစိုက်ပျိုးရေးအတွက် အသက်သွေးကြောဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ရှေးမြန်မာမင်းများက မိုးရာသီတွင် မိုးရေကို စုဆောင်းနိုင်ရန် ရေကန်ကြီးများ ဆောက်လုပ်ခဲ့ကြသည်။ ရေစီးရေဝင်ကောင်းမွန်သော ချောင်းများကို မြေသားဖြင့် တမံပိတ်ဆို့၍ ကန်ဖွဲ့ခြင်းဖြင့် မိုးရာသီတွင် ရေသိုလှောင်ကာ မိုးနည်းသောရာသီတွင် လယ်ယာများဆီသို့ ဖြန့်ဝေပေးခဲ့ကြပါသည်။ ထင်ရှားသော ဥပမာများအဖြစ် ပုဂံဒေသမှ မြကန်၊ မိတ္ထီလာကန် စသောကန်များသည် လယ်ယာအတွက်သာမက သောက်သုံးရေ၊ ဘုရားကျောင်းအသုံးပြုရေအဖြစ်ပါ အသုံးပြုခဲ့သည်။ ဧရာဝတီမြစ်၊ ချောင်းများမှ ရေမြောင်းများ တူးဖော်၍ လယ်ကွင်းများဆီ ရေခွဲဝေခဲ့သည်။ ချောင်းများတွင် အနိမ့်တမံဆောက်ကာ ရေကို တစ်ဖက်သို့

*စာမျက်နှာ ၁၁ သို့*

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၃**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် မေ ၂၄ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

---

**❍ တမံများတည်ဆောက်ခြင်းကို ရေသိုလှောင်ရန်၊ ရေကြီးရေလျှံမှုကာကွယ်ရန်၊ သဲနုန်းဖမ်းထိန်းရန်၊ စိုက်ပျိုးရေပေးဝေရန်၊ သောက်သုံးရေဖြန့်ဖြူးရန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နှင့် ရေမျက်နှာပြင်ထိန်းညှိ၍ ရေကြောင်းသွားလာရေး လွယ်ကူချောမွေ့စေရန် စသောရည်ရွယ်ချက်အမျိုးမျိုးဖြင့် ရည်ရွယ်တည်ဆောက်ကြလေ့ရှိသည်။ ဘီစီ ၄၀၀ အစောပိုင်းခေတ်ဦးကတည်းက အာရှတိုင်းသားများ၏ မြေသားတမံတည်ဆောက်၍ ရေသိုလှောင်ခြင်းကို (ရှေးအခေါ် Ceylon မြို့) ယခုခေတ်အခေါ် သီရိလင်္ကာနိုင်ငံမှာ စတင်ကာ တည်ဆောက်အသုံးချခဲ့ကြပါသည်။ တမံတည်ဆောက်ခြင်းလုပ်ငန်းများ အသုံးဝင်တွင်ကျယ်လာသည်နှင့်အမျှ အေဒီ ၅ ရာစုအရောက်တွင် သီရိလင်္ကာနိုင်ငံသားများသည် တမံများကို မိုးများသည့်ကာလတွင် မိုးရေသိုလှောင်ရန်၊ စိုက်ပျိုးရေအသုံးပြုရန်နှင့် ရေသွင်းစိုက်ပျိုးရေးအသုံးပြုရန် ရည်ရွယ်၍ တမံအမျိုးမျိုးကို တည်ဆောက်လာခဲ့ကြပြီး ယနေ့တိုင် အသုံးပြုနေဆဲဖြစ်**

*စာမျက်နှာ ၁၀ မှ*

လှည့်ပေးခြင်းဖြင့် ရေတက်ချိန်တွင် လယ်ထဲဝင်စေရန် စီမံခဲ့ကြသည်။ အိမ်ခြံမြေ၊ လယ်ကွင်းအနီးတွင် ရေတွင်းများနှင့် ရေကန်ငယ်များ တူးဖော်၍ မြေအောက်ရေကို အသုံးချရန် ကြံဆောင်ခဲ့ခြင်းသည် လယ်ယာအတွက်သာမက လူနေမှုဘဝအတွက်ပါ အရေးပါခဲ့သည်။

ပုဂံခေတ်၌ မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ထွန်းကားခဲ့သည်။ ယင်းဒေသသည် မိုးမမှန်သည့် မိုးနည်းဒေသဖြစ်ခြင်း၊ မိုးရာသီတွင် မိုးများသော်လည်း မိုးမရွာသည့်ကာလရှည်လျားခြင်း၊ ဧရာဝတီမြစ်ကြီးရှိသော်လည်း မြစ်ကမ်းမှ အဝေးတွင်ရှိသော လယ်ယာများ အများအပြားရှိခြင်းတို့ကြောင့် ရေထိန်းသိမ်းရေးနှင့် ရေဖြန့်ဝေရေးကို စနစ်တကျ မလုပ်နိုင်ပါက လယ်ယာစိုက်ပျိုးရေး မတည်တံ့နိုင်သော အခြေအနေဖြစ်သည်။ ထို့ကြောင့် ပုဂံခေတ်တွင် ရေရရှိရေးကို နိုင်ငံတော်အဆင့် အရေးကြီးကိစ္စအဖြစ် သတ်မှတ်ခဲ့ကြသည်။ ပုဂံခေတ် ရေရရှိရေးစနစ်၏ အခြေခံအယူအဆအဖြစ် မိုးရာသီ ရေကို အလွန်အကျွံမဖြုန်းတီးဘဲ စုဆောင်းခြင်း၊ စုဆောင်းထားသောရေကို မိုးနည်းသောရာသီတွင် ထိရောက်စွာ ဖြန့်ဝေခြင်း၊ သဘာဝမြေပြင်အနိမ့်အမြင့်ကို အပြည့်အဝအသုံးချခြင်းဆိုသည့် အယူအဆသုံးရပ်အပေါ် အခြေခံထားသည်။ ဤအယူအဆကို အကောင်အထည်ဖော်ရန် အရေးပါဆုံးသော ပြယုဂ်မှာ "မြကန်" ဖြစ်သည်။

မြကန်ကို ရှေးအမည်မသိ စာဆိုတစ်ဦးက–

**မြကန်သာ**

မြကန်သာ၊ တောင်ကျချောင်းဘေး၊
ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ၊
ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ၊
ငှက်မျိုးစုံသည်၊ ဘုံဝတီသာ၊
နန္ဒာပေလော၊ တူစွဟုတ္တာ။

ဟူ၍ ဖော်ကျူးရေးဖွဲ့ထားခဲ့သည်။

မြကန်သည် မြန်မာနိုင်ငံ ပုဂံဒေသရှိ ရှေးခေတ်ရေကန်တစ်ကန်ဖြစ်ပြီး တုရင်တောင် အနောက်ဘက်တွင် တည်ရှိပါသည်။ ထိုမြကန်အား ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီးကိုယ်တိုင် ဦးဆောင်၍ ပုဂံသူ၊ ပုဂံသားတို့၏ စုပေါင်းအင်အားဖြင့် စီမံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြကန်၏ မူလအမည်မှာ မဟာနိဗ္ဗာန လက်ဆွဲချီရေ (မဟာနိဗ္ဗာန်လက်ဆွဲချီကန်)ဟု ကျောက်စာများ၌ တွေ့ရပါသည်။ မြကန်သည် ပိုက်လှမ်းတောင်အား တာတမံအရန်အတားမျိုး ပိတ်ဆို့ကာဆီး၍ စီမံထားသည့် တစ်ဖက်ဆည်ကန်ဖြစ်ပြီး မြကန်ကို အမရကန်ဟုလည်း ခေါ်ကြသည်။(မ–မရဏ)သေခြင်းမရှိသောဟူ၍လည်း အနက်အဓိပ္ပာယ် ဖွင့်ဆိုကြပြန်သည်။

သက္ကရာဇ် ၅၉၈ ခုနှစ်တွင် ပုဂံကျစွာမင်းကြီးက မြကန်ကို ပြန်လည်၍ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ မြကန်အနီးတွင် ကျစွာမင်းကြီး၏ သမီးတော် သံပျင်မင်းသမီး ကောင်းမှုတော် ဘုရားစေတီတော်တစ်ဆူလည်းရှိသည်။ မြကန်သည် ပုဂံခေတ်တွင် ဆောက်လုပ်ခဲ့သည့် ရေသိုလှောင်ကန်ကြီးကို ခေါ်ဆိုခြင်းဖြစ်ပြီး လယ်ယာသုံးရေရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဘုရားကျောင်း၊ သံဃာတော်များ အသုံးပြုရေးတို့အတွက် အဓိကအခန်းကဏ္ဍမှ ထမ်းဆောင်ခဲ့သည်။ "မြ"ဟူသော စကားလုံးသည် တန်ဖိုးရှိခြင်း၊ အသက်သွေးကြောဖြစ်ခြင်းကို အဓိပ္ပာယ်ရပြီး မြကန်သည် ပုဂံ၏အသက်သွေးကြောဟု ဆိုနိုင်သည်။

မြကန်ကို နေရာရွေးချယ်ရာတွင် တောင်စောင်းအောက်ခြေရှိ သဘာဝရေစီးလမ်းကြောင်းများ ဆုံရာနေရာ၊ ရေစီးဝင်လွယ်၊ ထွက်လွယ်ရှိသော နေရာတွင် ရွေးချယ်တည်ဆောက်ခဲ့သည်။ ဤသည်မှာ သဘာဝပတ်ဝန်းကျင်ကို နက်နဲစွာ နားလည်ထားကြောင်း ပြသနေသည်။ မြကန်၏ မြေသားတမံဆောက်လုပ်ရာတွင် မြေကို အလွှာလိုက် တင်းကျပ်အောင်စီမံ၍ ထုထည်မြင့်တင်ကာ ရေဖိအားကို ခံနိုင်ရည်ရှိစေရန် တမံအနားကျယ်အောင် ဒီဇိုင်းဆွဲတည်ဆောက်ထားခြင်းသည် ယနေ့ခေတ်မြေသားတမံ (Earth Dam) နည်းပညာ၏ အစောဆုံးပုံစံဟု သတ်မှတ်နိုင်သည်။

မြကန်၌ မိုးရာသီတွင် ရေဝင်ရန် ရေဝင်မြောင်း၊ ရေများလွန်းပါက တမံမပျက်စီးစေရန် ရေပိုလွှဲ၊ ရေလွှတ်ပေါက်နှင့် လယ်ယာသို့ ရေဖြန့်ဖြူးရန် ရေထုတ်ပေါက်များကို စနစ်တကျ ပြုလုပ်ထားသည်။ မြကန်သည် သီးခြားမတည်ရှိဘဲ မြောင်းကွန်ရက်နှင့် ချိတ်ဆက်မှုအဖြစ် အခြားကန်များ၊ ချောင်းများ၊ လယ်ယာမြောင်းများနှင့် ချိတ်ဆက်ထားသည့် ရေဖြန့်ဝေကွန်ရက်တစ်ခုအဖြစ် တည်ရှိခဲ့သည်။ မြကန်ကြောင့် မိုးနည်းသည့်ဒေသတွင်ပါ လယ်ယာအောင်မြင်လာ၍ ဆန်နှင့် အစားအစာများ အလုံအလောက်ရရှိခဲ့သည့်အပြင် လယ်ယာအထွက်တိုးတက်လာ၍ ပုဂံခေတ် စီးပွားရေးကောင်းမွန်လာခဲ့ပြီး အကျိုးဆက်အဖြစ် ဘုရားစေတီပုထိုးများ အလွန်များစွာ ဆောက်လုပ်လှူဒါန်းနိုင်သော စီးပွားရေးအင်အား ပေါ်ပေါက်လာခဲ့သည်။

မြကန်တည်ဆောက်ရေး စီမံခန့်ခွဲမှုအဖြစ် မြကန်ကို ဘုရင်အမိန့်ဖြင့် တိုင်းသူပြည်သားများ၏ စုပေါင်းအင်အားကို အခြေခံ၍ ဆောက်လုပ်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးကို နိုင်ငံတော်နှင့် ရပ်ရွာလူထုတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ မြကန်တည်ဆောက်ခြင်းကို ကုသိုလ်ကောင်းမှုကြီးအဖြစ် သတ်မှတ်ခဲ့သဖြင့် ဘာသာရေးနှင့် တိုင်းပြည်၏ တည်ငြိမ်သာယာဝပြောမှုကိုပါ အထောက်အကူပြုခဲ့ပါသည်။ သို့သော် နည်းပညာဆိုင်ရာ တွက်ချက်မှုများ ထွန်းကားခြင်းမရှိသည့် ကာလဖြစ်သည့်အလျောက် သဲနုန်းများ စုပြုံလွယ်ခြင်း၊ ပြုပြင်ထိန်းသိမ်းမှုမလုပ်နိုင်ပါက ကန်အသုံးမဝင်ဖြစ်နိုင်ခြင်း၊ မိုးလွန်ကဲပါက တမံပျက်စီးနိုင်ခြင်း စသည့် အားနည်းချက်များရှိခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ပုဂံခေတ် ရေရရှိရေးစနစ်နှင့် မြကန်သည် သဘာဝပတ်ဝန်းကျင်ကို နက်ရှိုင်းစွာ နားလည်ခြင်း၊ နည်းပညာကို လူမှုဘဝနှင့် ချိတ်ဆက်အသုံးချနိုင်ခြင်း၊ ရေကို အသက်သွေးကြောအဖြစ် သတ်မှတ်သော အမြင်ကျယ်ဝန်းမှုတို့၏ အထင်ကရသက်သေများဖြစ်သည်။ မြကန်ကြောင့်သာ ပုဂံသည် မိုးနည်းသည့်ဒေသအတွင်းတွင်ပင် အရှည်ကြာတည်တံ့နိုင်ခဲ့ပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ကြီးတစ်ရပ်အဖြစ် ယနေ့ထိ ထင်ရှားနေဆဲ ဖြစ်ပါသည်။

**တမံများ၏အစ၊ ခေတ်သစ်တမံ**

**နည်းပညာတိုးတက်လာမှုများ**

**တမံများ တည်ဆောက်ခြင်းကို ရေသိုလှောင်ရန်၊ ရေကြီးရေလျှံမှုကာကွယ်ရန်၊ သဲနုန်းဖမ်းထိန်းရန်၊ စိုက်ပျိုးရေပေးဝေရန်၊ သောက်သုံးရေဖြန့်ဖြူးရန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နှင့် ရေမျက်နှာပြင်ထိန်းညှိ၍ ရေကြောင်းသွားလာရေး လွယ်ကူချောမွေ့စေရန် စသောရည်ရွယ်ချက်အမျိုးမျိုးဖြင့် ရည်ရွယ်တည်ဆောက်ကြလေ့ရှိသည်။ ဘီစီ၄၀၀ အစောပိုင်းခေတ်ဦးကတည်းက အာရှတိုင်းသားများ၏ မြေသားတမံတည်ဆောက်၍ ရေသိုလှောင်ခြင်းကို (ရှေးအခေါ် Ceylon မြို့) ယခုခေတ်အခေါ် သီရိလင်္ကာနိုင်ငံမှာ စတင်ကာ တည်ဆောက်အသုံးချခဲ့ကြပါသည်။ တမံတည်ဆောက်ခြင်းလုပ်ငန်းများ အသုံးဝင်တွင်ကျယ်လာသည်နှင့်အမျှ အေဒီ ၅ ရာစုအရောက်တွင် သီရိလင်္ကာနိုင်ငံသားများသည် တမံများကို မိုးများသည့်ကာလတွင် မိုးရေသိုလှောင်ရန်၊ စိုက်ပျိုးရေအသုံးပြုရန်နှင့် ရေသွင်းစိုက်ပျိုးရေး အသုံးပြုရန် ရည်ရွယ်၍ တမံအမျိုးမျိုးကို တည်ဆောက်လာခဲ့ကြပြီး ယနေ့တိုင် အသုံးပြုနေဆဲဖြစ်သည်။**

လူသားသမိုင်းတွင် အစောဆုံးတည်ဆောက်ခဲ့သော တမံ၏ တမံဆိုင်ရာ အထောက်အထားအကြွင်းအကျန်များကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၏ တောင်ဘက် ဝါဒီအယ်လ်ဂါရာဝီ (Wadi–Al–Garawi) အရပ်တွင် ရှေးဟောင်းသုတေသနပညာရှင်များ ရှာဖွေတွေ့ရှိထားပါသည်။ နောက်ထပ် ရုပ်ဝတ္ထုသက်သေအနေဖြင့် (၁၃၁၉–၁၃၀၄) ဘီစီကာလတွင် အီဂျစ်ဘုရင် ဖာရိုဆက်သီ တည်ဆောက်ခဲ့သည့် ဆီးရီးယားနိုင်ငံ ဟွမ်မြို့အနီးရှိကွာတင်နာ(Quatinah) ရေလွှဲဆည်သည် ယနေ့ထက်တိုင် ဟွမ်မြို့ကို သောက်သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ခေတ်ကာလရွေ့စီးလာခြင်းနှင့်အတူ စက်မှုတော်လှန်ရေးခေတ်ကာလတွင် ရေသယံဇာတအသုံးချမှုကို ပိုမိုထိရောက်စွာအသုံးချရန် ပြင်ဆင်လာကြသည်။ ဆန်းသစ်တီထွင်ဖန်တီးမှုများ အပြိုင်အဆိုင် ပေါ်ပေါက်လာသော ခေတ်တစ်ခေတ် ဆန်းသစ်လာသည်နှင့်အညီ ၁၈၈၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဝယ်ကွန်စင်ပြည်နယ် အပလီတန်မြို့အနီး မြေခွေးမြစ်ပေါ်၌ တမံတစ်ခု တည်ဆောက်၍ ကမ္ဘာ့ပထမဆုံးသော ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်ခဲ့ကြသည်။ ၁၈၉၆ ခုနှစ်၌ နိုင်ဂရာရေတံခွန်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံကို ထပ်မံတည်ဆောက်ကာ နယူးယောက်မြို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ။

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနခွဲ ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျောင်း(ရန်ကုန်)တို့မှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များကို ဝန်ထမ်းများအားလုံးသိရှိလိုက်နာပြီး အလေးအနက်ထား ဆောင်ရွက်ကြရန် ယခုကဲ့သို့ ထပ်ဆင့်ရှင်းလင်းခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကထား မှာကြားပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အပြန်အလှန် အမှီသဟဲပြုနေပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကထက် ပိုမိုအားသွန်ခွန်စိုက် ကြိုးပမ်းပြီး လာမည့်ရက်(၁၀၀)အတွင်း ထိရောက်သည့်အောင်မြင်မှုရရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအားလုံးအရည်အချင်းပြည့်ဝစွာဖြင့် စိန်ခေါ်မှုများကို ပူးပေါင်းဆောင်ရွက်ပြီး တစ်ဦးချင်းကောင်းမှ အဖွဲ့အစည်းကောင်းမည်ဖြစ်၍ အဖွဲ့အစည်းကောင်းမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဌာန၏ ဥပဒေ၊ နည်းဥပဒေများကိုလည်း ကျေကျေညက်ညက် လေ့လာပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ ရာထူးအဆင့်နှင့် လျော်ညီစွာ အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ အောင်မြင်စေရေးအတွက် ဝန်ထမ်းများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)အတွင်း ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးသင်တန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် မေ ၂၃**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် "ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးသင်တန်း" ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နေပြည်တော်၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးကို မြို့နယ်များရှိ ကျေးလက်နေဒေသများအထိ အမျိုးသမီးအဖွဲ့ဝင်များကို စေတနာ့ဝန်ထမ်းများအဖြစ် အသိပညာပေး မွေးထုတ်ပေးမည်ဖြစ်ပါ၍ အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ၂၀၁၄ ခုနှစ်မှစတင်၍ ပြည်သူလူထုအခြေပြုတီဘီရောဂါတိုက်ဖျက်ရေးကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ငါးခုရှိမြို့နယ်များမှ စတင်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ပြည်သူလူထုအခြေပြု လုပ်ငန်းများကို မြို့နယ်များရှိ ကျေးလက်များတွင် စေတနာ့ဝန်ထမ်းသင်တန်းများပေးပြီး မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ပြည်သူလူထုအတွင်း တီဘီရောဂါသံသယရှိသူများကို ရှာဖွေဖော်ထုတ်၍ ရောဂါပိုးရှိသူများကို စေတနာ့ဝန်ထမ်းများကိုယ်တိုင် ဆေးတိုက်ကျွေးပြီး ပုံမှန်စောင့်ကြည့်သောလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၄-၂၀၂၆ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ မြို့နယ် ၁၁ မြို့နယ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း၊ ပြည်သူလူထုအတွင်း တီဘီရောဂါလျော့ချရေးကို ကျေးလက်ဒေသများအထိ သင်တန်းများ ဖွင့်လှစ်၍ အမျိုးသမီးရေးရာအဖွဲ့များက စေတနာ့ဝန်ထမ်းများအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ သင်တန်းက ပို့ချပေးသည့်သင်ခန်းစာများကို အလေးအနက်ထား မှတ်သားစေလိုပါကြောင်း၊ ကျေးလက်ဒေသများအထိ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသမီးရေးရာအဖွဲ့ဝင်များက ထဲထဲဝင်ဝင် အိမ်တိုင်ရာရောက်သွားရောက်မည့် လုပ်ငန်းများဖြစ်ပါသဖြင့် ကျေးလက်ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါ၍ အကျိုးရှိသောလုပ်ငန်းများဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တီဘီစီမံချက်မန်နေဂျာ ဒေါက်တာထွန်းဦးက စီမံချက်နှင့် ပတ်သက်သည်များကို ဆွေးနွေးတင်ပြသည်။ အဆိုပါအခမ်းအနားဖွင့်ပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဗဟိုအမှုဆောင်များ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ၁၁ မြို့နယ်မှ သင်တန်းသူ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တီဘီစီမံချက်မှ သင်တန်းဆရာများစုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း၊ သင်တန်းကို မေ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်တာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၉)သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သော တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကို ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့ပြီး ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပညာရေးသည် နိုင်ငံပြုပြင်ပြောင်းလဲမှုအတွက် အဓိကကျသဖြင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ နိုင်ငံတော်အတွက် အကျိုးပြုမည့် ပညာရှင်များ မွေးထုတ်ပြီး တိုင်းပြည်၏ သဘာဝပတ်ဝန်းကျင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်ရေးကို အားသစ်လောင်း ဆောင်ရွက်သွားကြရန်၊ သစ်တောကဏ္ဍအနေဖြင့် သစ်နှင့်သစ်တောထွက် ပစ္စည်းများ ရေရှည်ထုတ်ယူ သုံးစွဲနိုင်အောင် စနစ်တကျထုတ်လုပ်ရေး၊ သစ်နှင့်သစ်အချောထည်များ တန်ဖိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်သလို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)ကို လည်း လက်တွဲခေါ်ယူသွားကြရန်၊ ဝါးမှ ချည်မျှင်ထုတ်ယူနိုင်ရေး ဆောင်ရွက်မှုများတွင်လည်း လိုအပ်သည့်နေရာမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် မှာကြားသည်။




ဆက်လက်၍လေထုညစ်ညမ်းမှုသည် ကျန်းမာရေးအတွက် အန္တရာယ်ရှိသော ပတ်ဝန်းကျင်ဆိုင်ရာ အကြီးမားဆုံးခြိမ်းခြောက်မှု တစ်ခုဖြစ်သဖြင့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုကို ဖြစ်စေသော Fire Hotspot လျော့ချရေး လုပ်ငန်းအား ဒေသခံပြည်သူများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ "နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ သယံဇာတများနှင့် ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို လက်ရှိနှင့် အနာဂတ်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျစီမံအုပ်ချုပ် အသုံးချနိုင်မည့်စနစ်များ ချမှတ်ဆောင်ရွက်သွားရန်နှင့် ပထမရက် (၁၀၀) အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများအပြင် မူလရည်မှန်းချက်တာဝန်များအပေါ် ဝန်ထမ်းများအားလုံး အဂတိတရား ကင်းရှင်းစွာဖြင့် တာဝန်သိသိ သစ္စာရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ ဗဟုသုတများနှင့် ပေါင်းစပ်၍ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်တွင် စိတ်ရင်းစေတနာမှန်ဖြင့် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင်လည်း လုပ်ဖော်ကိုင်ဖက်အချင်းချင်း မိသားစုစိတ်ဓာတ်ထားရှိပြီး တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂၃**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုနှင့် အသေးစား၊အငယ်စား၊အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် ဒေါက်တာအောင်ဇေယျ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဌာနများမှ ပညာရှင်များက ဝါးမှချည်မျှင်ထုတ်လုပ်သည့် ကဏ္ဍအလိုက် တင်ပြခြင်းများ၊ အဖွဲ့လိုက်ဆွေးနွေးခြင်းတို့ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့လိုက်ဆွေးနွေးရာတွင် ဝါးမှ ချည်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများနှင့် စပ်လျဉ်း၍ ဝါးကုန်ကြမ်းကွင်းဆက်နှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ နည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်ကဏ္ဍ၊ စက်ပစ္စည်းနှင့် ချည်ချောထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒရေးရာကဏ္ဍ စသည့်အုပ်စု(၄)စုဖြင့် ခွဲခြားဆွေးနွေးသွားမည်ဖြစ်ကြောင်း။

အုပ်စုများတွင်သက်ဆိုင်ရာဌာန အသီးသီးမှ ကိုယ်စားလှယ်များပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အုပ်စု(၁)အနေဖြင့် ဝါးကုန်ကြမ်းကွင်းဆက်နှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍနှင့်ပတ်သက်ပြီး ကုန်ကြမ်းအရည်အသွေးနှင့် မျိုးရွေးချယ်မှု၊ စိုက်ပျိုးမှုစနစ်နှင့် ရေရှည်တည်တံ့မှု၊ ကုန်ကြမ်းစုဆောင်းမှုနှင့် သယ်ယူပို့ဆောင်ရေး စသည့် အချက်များကိုလည်းကောင်း၊ အုပ်စု(၂)အနေဖြင့် နည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်များနှင့်ပတ်သက်၍ ဝါးမှ Textile – Grade Fiber ဖြစ်အောင် ဆောင်ရွက်မည့်နည်းလမ်းများ၊ မြန်မာနိုင်ငံအတွက် အဆင်ပြေသင့်တော်မည့်နည်းလမ်း၊ အဆိုပါနည်းလမ်း၏ ထုတ်လုပ်မှုနည်းစဉ်၊ အသုံးပြုရမည့်စက်ကိရိယာများ၊ စက်များရရှိနိုင်မှုအခြေအနေနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အရည်အသွေး ထိန်းကျောင်းစစ်ဆေးသင့်သည့်အချက်များ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်သင့်သည့်အချက်များ၊ မြန်မာနိုင်ငံရှိ MSME များအနေဖြင့် ဝါးမှ ချည်ချောထုတ်လုပ်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားအလိုက် ဆောင်ရွက်နိုင်မည့်အခြေအနေများ စသည့်အချက်များကိုလည်းကောင်း၊ အုပ်စု(၃)အနေဖြင့် စက်ပစ္စည်းနှင့် ချည်ချောထုတ်လုပ်မှုကဏ္ဍနှင့် ပတ်သက်၍ ကုန်ကြမ်းပြင်ဆင်ခြင်း၊ စက်ကိရိယာနှင့်နည်းပညာ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ ကုန်ကျစရိတ်၊ စိန်ခေါ်မှုနှင့် ဖြေရှင်းမည့်နည်းလမ်းများ စသည့်အချက်များကို လည်းကောင်း၊ အုပ်စု(၄)အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒရေးရာကဏ္ဍနှင့်ပတ်သက်၍ မူဝါဒရေးရာ၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း၊ ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့များ၊ သက်ရောက်မှုများလျှော့ချရေးနှင့် စီမံချက် (Action Plan) အကောင်အထည်ဖော်ရေးစသည့်အချက်များကိုလည်းကောင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ဝါးမှ ချည်ချောထုတ်လုပ်သည့်လုပ်ငန်းကို အစိုးရ၏ ရက်(၁၀၀) စီမံကိန်းအတွင်း ပြီးစီးအောင် အထူးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဝါးမှ ချည်ချောထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မိမိတို့၏ ကဏ္ဍအလိုက်ပါဝင်ဆွေးနွေးခြင်းဖြင့် အနာဂတ်နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ကြရန် ဆန္ဒပြုတိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ သုတေသနအရာရှိ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဌာန ပါမောက္ခ၊ ဌာနမှူး၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း အထွေထွေမန်နေဂျာ၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) ဒုတိယစက်ရုံမှူးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် အုပ်စုအလိုက် သတ်မှတ်ထားသည့် ကဏ္ဍအသီးသီးတို့ကို ဆွေးနွေး၍ အုပ်စုအလိုက် ဆွေးနွေးရရှိသည့်ရလဒ်များကို ပြန်လည်ရှင်းလင်းတင်ပြသည်။ ထို့နောက် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အုပ်စုအလိုက် ဆွေးနွေးပွဲရလဒ်များအပေါ် သုံးသပ်တင်ပြခြင်း၊ ယခုဆွေးနွေးပွဲမှရရှိသည့် ရလဒ်များကို အခြေခံ၍ စာတမ်းတစ်စောင်ပြုစုပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်သွားမည်အခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရက်(၁၀၀)စီမံချက်များ ရှင်းလင်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲကျင်းပ

**ပုသိမ် ဧပြီ ၂၃**

ရက်(၁၀၀)စီမံချက်များ ရှင်းလင်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲက တစ်ဆင့် လွှတ်တော်များ ဖြစ်တည်လာပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များ ပေါ်ထွန်းလာပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ရက်ပေါင်း (၁၀၀) စီမံချက်များကို ရှင်းလင်းခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရက်ပေါင်း(၁၀၀) စီမံချက်များကို ရှင်းလင်းခြင်းနှင့် နိုင်ငံတော်၏မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဌာနဆိုင်ရာများကို တွေ့ဆုံခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်း ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတွင် လူရည်ချွန်စခန်းများကို နှစ်စဉ်ဖွင့်လှစ်ခဲ့ပြီး လူရည်ချွန်များအနေဖြင့် အပန်းဖြေခြင်းအပြင် ဒေသအတွင်း၌ရှိသည့် သိသင့်သိထိုက်သည့် ဗဟုသုတများရရှိစေရေး လေ့လာလည်ပတ်သွားမည်ဖြစ်ရာ ယခင်နှစ်များ၏ အားနည်းချက်များကို ပြင်ဆင်၍ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှု

**ဘားအံ ဧပြီ ၂၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း က ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ သံလွင်မြစ်ကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဘားအံမြို့ အမှတ်(၈) ရပ်ကွက် Well Pile အခြေပြုကျောက်စီမြေထိန်း နံရံဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ဇွဲကပင်ကုန်းကို သန့်ရှင်းသောသောက်သုံးရေပေးဝေနိုင်ရေးအတွက် ကရင်ပရိယတ္တိစာသင်တိုက်ပရိဝုဏ်အတွင်း စက်ရေတွင်းနှစ်တွင်းဖြင့် ဂါလန် ၇၃၀၀ ဆံ့ မြေပေါ်ရေလှောင်ကန်တစ်ကန်၊ အမြင့်တင် ရေစင်တစ်ခုနှင့် ရေစက်ရုံဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြ**

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက နွေရာသီတွင် ရေလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေး မိဂဒါဝိစိန်ဘုန်းတော်ကြီးကျောင်း၌ စက်ရေတွင်းများ တူးဖော်ပြီးစီးမှုနှင့် ဖြန့်ဖြူးပေးမည့်အခြေအနေ၊ ကြာအင်းတောင်ခြေ မဟာအတုလရန်အောင်ကျောင်း၌ တွင်းသစ်တူးဖော်ရန်လျာထားဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စွမ်းအင်အတွက် ရေနံထုတ်လုပ်မှုတိုးမြှင့်ပေးရန် ဆော်ဒီအာရေဗျကို ဂျပန်တောင်းဆို

**တိုကျို မေ ၂၃**

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများဖြစ်ပွားနေစဉ်အတွင်း ရေနံစိမ်းများကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးခဲ့မှုအတွက် ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်အား ဂျပန်ဝန်ကြီးချုပ်တာကာအိချီ ဆာနာအဲက ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး စွမ်းအင်ထောက်ပံ့မှု တည်ငြိမ်စေရေးအတွက် ရေနံထုတ်လုပ်မှု တိုးမြှင့်ရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးရန်လည်း တောင်းဆိုခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်နှင့် ဆော်ဒီအိမ်ရှေ့မင်းသားတို့သည် ယနေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ဒေသတွင်းပဋိပက္ခများကြောင့် ဆော်ဒီအာရေဗျနိုင်ငံတွင် ဖြစ်ပေါ်ခဲ့ရသော ပျက်စီးဆုံးရှုံးမှုများအတွက်လည်း ဂျပန်ဘက်မှ စာနာကြောင်းနှင့် အရှေ့အလယ်ပိုင်းဒေသရှိ ဂျပန်နိုင်ငံသားများကို ကယ်ထုတ်ရာတွင် ဆော်ဒီအာရေဗျ၏ ပူးပေါင်းကူညီမှုများအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပဋိပက္ခများဖြစ်ပွားနေသော်လည်း ပင်လယ်နီလမ်းကြောင်းမှတစ်ဆင့် ဂျပန်နိုင်ငံသို့ ရေနံစိမ်းများ ဆက်လက်ပို့ဆောင်နိုင်ရေးကို ဆော်ဒီဘက်မှ ဆောင်ရွက်ပေးခဲ့သည့်အတွက်လည်း ကျေးဇူးတင်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျဘက်မှလည်း ဂျပန်နှင့် အခြားနိုင်ငံများသို့ စွမ်းအင်ထောက်ပံ့မှု မပြတ်တောက်စေရေး ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်က ပြန်လည်ပြောကြားပြီး ဒေသတွင်းတည်ငြိမ်မှုကို ထောက်ပံ့ရန်နှင့် ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် သင်္ဘောများ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းနိုင်ရေးအတွက် ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း ပြောကြားခဲ့သည်။






အင်န်အိတ်ချ်ကေ

# အမေရိကန်အခွန်စည်းကြပ်မှုနောက်ဆက်တွဲအဖြစ် တောင်ကိုရီးယားအခြေစိုက် ဟွန်ဒဲ၏ရောင်းအား ကျဆင်း

**ဆိုးလ် မေ ၂၃**

အမေရိကန်၏ အခွန်စည်းကြပ်မှု နောက်ဆက်တွဲအဖြစ် တောင်ကိုရီးယား၏ အကြီးမားဆုံး ကားထုတ်လုပ်သူ ဟွန်ဒဲမော်တာကုမ္ပဏီ၏ ယခုနှစ် ပထမသုံးလပတ် လုပ်ငန်းလည်ပတ်မှုအမြတ်ငွေမှာ နှစ်ဆခန့် ကျဆင်းသွားကြောင်း မေ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဟွန်ဒဲကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုအမြတ်သည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီမှ မတ်လအထိ သုံးလတာကာလအတွင်း ဝမ် ၂ ဒသမ ၅၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ) သာ ရရှိခဲ့သည်။

Hybrid မော်ဒယ်များ၏ ရောင်းအား ကောင်းမွန်နေသော်လည်း အမေရိကန် အခွန်စည်းကြပ်မှု၏ သက်ရောက်မှုကြောင့် အမြတ် လျော့နည်းခဲ့ရကြောင်း ကုမ္ပဏီဘက်မှ ထပ်လောင်းပြောကြားခဲ့သည်။ သုံးလတာအတွင်း ဟွန်ဒဲမှ ကမ္ဘာတစ်ဝန်းတွင် ကားအစီးရေ ၉၇၆၂၁၉ စီး ရောင်းချနိုင်ခဲ့ပြီး ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ယင်းမှာ ပထဝီနိုင်ငံရေး မရေရာမှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ ကားဝယ်လိုအား လျော့နည်းလာခြင်းကြောင့်လည်း ဖြစ်သည်။




ပြည်တွင်း ဈေးကွက်တွင် ၁၅၉၀၆၆ စီးသာ ရောင်းရမှုရှိခဲ့ပြီး ၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားသကဲ့သို့ပြည်ပဈေးကွက်တွင်လည်း ရောင်းအား ၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းကာ အစီးရေ ၈၁၇၁၅၃ စီးသာ ရောင်းချနိုင်ခဲ့သည်။

တစ်ဖက်တွင် Hybrid မော်ဒယ်များ၊ plug-in hybrid မော်ဒယ်များ၊ လျှပ်စစ်မော်တော်ယာဉ်များနှင့် လောင်စာဆဲလ် လျှပ်စစ်မော်တော်ယာဉ်များ အပါအဝင် ဟွန်ဒဲ၏ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်များ၏ ကမ္ဘာလုံးဆိုင်ရာ ရောင်းအားမှာ ၁၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာပြီး သုံးလပတ်အတွင်း အစီးရေ ၂၄၂၆၁၂ စီး ရောင်းချနိုင်ခဲ့သည်။ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များသည် ဟွန်ဒဲ၏ စုစုပေါင်းရောင်းအားမှ ၂၄ ဒသမ ၈ ရာခိုင်နှုန်းကို ကိုယ်စားပြုထားသည်။

ဆင်ဟွာ

# လောင်စာဆီဈေးမြင့်တက်မှုကြောင့် လုဖ်ထန်ဇာ လေကြောင်းခရီးစဉ် နှစ်သောင်းခန့် လျှော့ချမည်

**ဘာလင် မေ ၂၃**

ဂျာမနီနိုင်ငံ၏ လေကြောင်းလိုင်းဖြစ်သော လုဖ်ထန်ဇာအုပ်စုသည် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာမှု၏ သက်ရောက်မှုနောက်ဆက်တွဲအဖြစ် အောက်တိုဘာလအထိ လေကြောင်းခရီးစဉ်ပေါင်း ၂၀၀၀၀ ခန့် လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း မေ ၂၁ ရက်တွင် ပြောကြားခဲ့သည်။ အထူးသဖြင့် အမြတ်အစွန်းနည်းပါးသည့် ခရီးတို လေကြောင်းပြေးဆွဲမှုများကို အဓိကလျှော့ချသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဂျက်လေယာဉ်အတွက် လောင်စာဆီဈေးနှုန်းသည် ပဋိပက္ခများ စတင်ဖြစ်ပွားချိန်မှစ၍ နှစ်ဆခန့် မြင့်တက်လာခဲ့သည်။ ပထမဦးစွာ မေ ၂၀ ရက်မှ မေလကုန်အထိ လေကြောင်းခရီးစဉ်ပေါင်း ၁၂၀ ခန့်ကို ယာယီလျှော့ချသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

လာမည့်လများအတွက် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များကို ပြန်လည်ပြင်ဆင်လျက်ရှိပြီး မေလနှောင်းပိုင်း သို့မဟုတ် မေလအစောပိုင်းတွင် အစီအစဉ်အသစ်များကို ထပ်မံကြေညာသွားမည်ဟုလည်း သိရသည်။ ယခုကဲ့သို့ ခရီးစဉ်ပေါင်း ၂၀၀၀၀ ခန့် လျှော့ချလိုက်ခြင်းကြောင့် လောင်စာဆီ တန်ချိန် ၄၀၀၀၀ ခန့် သက်သာနိုင်မည်ဖြစ်ကြောင်းလည်း ဆိုသည်။

ထို့ပြင် စကန်ဒီနေဗီးယား လေကြောင်းလိုင်း (SAS)သည်လည်း လောင်စာဆီဈေးနှုန်းများ သိသိသာသာ မြင့်တက်လာမှုကြောင့် ဧပြီလအတွင်း ခရီးစဉ်ပေါင်း ၁၀၀၀ ခန့် ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

အင်န်အိတ်ချ်ကေ

# ဂျပန်အရှေ့မြောက်ပိုင်းတွင် တောမီးပျံ့နှံ့၍ ဟက်တာ ၂၀၀ ကျော် မီးဘေးသင့်

**တိုကျို မေ ၂၃**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ အီဝါတဲပြည်နယ်၌ ယနေ့အထိ တောမီးလောင်ကျွမ်းမှု ဆက်လက်ပျံ့နှံ့နေပြီး မီးလောင်သည့်ဧရိယာမှာ ဟက်တာ ၂၀၀ ကျော်အထိ များပြားလာကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြထားသည်။

အိုစွတ်ချီမြို့၏ တောင်တန်းတစ်ခုပေါ်တွင် ယမန်နေ့က စတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆောက်အအုံ ခုနစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။ အချို့နေရာများတွင် မီးတောက်များသည် ဒေသခံနေအိမ်များနှင့် မီတာ ၁၀၀ အကွာအဝေးအထိ နီးကပ်လာကြောင်း ကျိုတိုနှင့် အင်န်အိတ်ချ်ကေ သတင်းများအရ သိရသည်။

အီဝါတဲ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့များက ရဟတ်ယာဉ်များ အသုံးပြု၍ ရေဖျန်းမီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်နေပြီး ပြည်နယ်တစ်ဝန်းရှိ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း စေလွှတ်ထားသည်။ နီးစပ်ရာ မီယာဂိပြည်နယ်ကိုလည်း မီးငြိမ်းသတ်ရေး အကူအညီပေးရန်နှင့် အရေးပေါ် မီးသတ်အဖွဲ့များ စေလွှတ်ရန် တိုက်တွန်းထားသည်။

ယနေ့ မွန်းလွဲပိုင်းအထိ အိုစွတ်ချီမြို့မှ အိမ်ထောင်စု ၁၂၂၉ စု၊ လူပေါင်း ၂၅၈၈ ဦးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် အမိန့်ထုတ်ထားပြီး မြို့အတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ အားလုံးကို ယာယီပိတ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**



# အာဖဂန်နစ္စတန်၌ ရုတ်တရက် ရေကြီးမှုကြောင့် လူခြောက်ဦး သေဆုံး

**ကဘူးလ် မေ ၂၃**

အာဖဂန်နစ္စတန်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ပြီး လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသတွင်းအာဏာပိုင်များက မေ ၂၃ ရက်တွင် ပြောကြားသည်။

ဘာလာ မူရာဟက်ဘ်ခရိုင်ရှိ ဒေသများတွင် မေ ၂၂ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ကြောင်း ဘက်ဂျ်ဟစ်ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနအကြီးအကဲ မော်လဝီဘာရီဒက်ဆာဘာက ပြောကြားသည်။

ဘက်ဂျ်ဟစ်ပြည်နယ်အတွင်း ရေကြီးမှုကြောင့် ကလေးသုံးဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ပြီး ရေဘေးသင့်ဒေသများရှိ လူနေအိမ်များနှင့် စိုက်ပျိုးမြေများလည်း အကြီးအကျယ် ပျက်စီးခဲ့သည်။

ထို့ပြင် ဒါရာအိဆပ်ဖ် ပေယင်ခရိုင်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မေ ၂၃ ရက်တွင် ရုတ်တရက် ရေကြီးမှုဖြစ်ပွားခဲ့ပြီး ဆာမန်ဂန်ပြည်နယ်အတွင်း လူတစ်ဦး ပိတ်မိ၍ သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

# ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနေမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ပဲခူး ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဂေါပကအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ပြည်သူများ စိတ်အေးချမ်းသာစွာ ရာသီမရွေး ဘုရားဖူးလာရောက်နိုင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရှိရန် မှာကြားပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံမှုနှင့် တည်ဆောက်ရေးအဖွဲ့များက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြား၍ ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ဘက်စုံပြုပြင်မွမ်းမံနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကမ္ဘောဇသာဒီနန်းတော်ကြီး ဘက်စုံအဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ ပွင့်လင်းရာသီအမီ ပြီးစီးရေးနှင့် မြေယာရှုခင်းများဖြင့် တင့်တယ်လှပရေး၊ ချုံနွယ်နှင့်အမှိုက်များရှင်းလင်းဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ဝန်ထမ်းများ၊ တောင်သူများနှင့် တွေ့ဆုံ ရက်(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဧပြီ ၂၃**

စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ဝန်ထမ်းများ၊ တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံထားသည့် ပြည်နယ်တစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံထားသည့် စက်မှုလုပ်ငန်းကို အဓိကထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စားရေရိက္ခာအတွက် အဓိကကျသည့် ဆန်စပါးကို လယ်ယာမြေအားလုံးတွင် ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် ဆီဖူလုံမှုရှိစေရန် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို အခြေခံကာ MSME လုပ်ငန်းများအဖြစ် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တောင်သူများအတွက် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် သွင်းအားစုများ၊ လယ်ယာသုံးစက်ကိရိယာ ဖြန့်ဝေနိုင်ရေး ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကိုလည်း ယခင်နှစ်ထက် တိုးမြှင့်ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ ဌာနများကလည်း တောင်သူများ နည်းစနစ်တကျ စိုက်ပျိုးနိုင်ရန် အသိပညာပေးဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တောင်သူများက စိုက်ပျိုးရေးအတွက် လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စစ်တွေမြို့ မြို့ရေပေးဝေရေးနှင့် ပတ်သက်၍ ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် စစ်တွေမြို့ မျိုးသန့်ခြံမှ မြေအောက်ရေ တူးဖော်ပြီး ဆိုလာစနစ်ဖြင့် ရေစုကန်မှ တစ်ဆင့် ကန်တော်ကြီးသို့ ရေဖြည့်တင်းနိုင်ရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မျိုးသန့်ခြံအတွင်း အဆင့်မြင့် လယ်ယာစနစ်ဖော်ထုတ်ထားရှိမှု အပေါ်တွင် မြေဆီဩဇာ ကောင်းမွန်ရေးအတွက် သဘာဝမြေဩဇာနှင့် ပိုက်ဆံလျှော်ပင်များ စိုက်ပျိုးနိုင်ရေး မိုးစပါး စိုက်ပျိုးချိန်အမီ ဆောင်ရွက်သွားကြရန် မှာကြားပြီး ကန်တော်ကြီးသို့သွားရောက်၍ ကန်တော်ကြီးတွင် ရေသိုလှောင်ထားရှိမှုအခြေအနေ၊ ရေဖြန့်ဝေပေးနေမှုအခြေအနေ၊ ကန်တော်ကြီး (Intake Tower) ၏ ကြံ့ခိုင်မှု အခြေအနေ၊ ကန်တော်ကြီးသို့ ရေအကူဖြည့်တင်းနေမှု အခြေအနေ၊ စစ်တွေမြို့ရှိ ရပ်ကွက်နေ ပြည်သူများအား ရေဖြန့်ဝေပေးနေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဓညဝတီရပ်ကွက်အတွင်းရှိ ပြည်သူများ နွေရာသီ ရေပြတ်လပ်မှုမရှိစေရေးအတွက် ကန်တော်ကြီး ရေပိုက်လိုင်းမှရေများအား ဆိုလာစနစ်ဖြင့် စုပ်ယူဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်မည့် အစီအမံများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ရပ်ကွက်နေ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၃**

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနများမှ ယာယီ ဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းနှင့် မိသားစုဝင်များ အပူဒဏ်ကြောင့် ကျန်းမာရေး ထိခိုက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ဆေးဝါး ကုသပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) ၌ ကျင်းပသည်။



ဦးစွာ အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြပြီး မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ (ဆေး) ဖြစ်သူ ဒေါက်တာသန်းမင်းထွန်းက ဝန်ထမ်းများနှင့် မိသားစုဝင်များအနေဖြင့် အပူဒဏ် အန္တရာယ်အကြောင်းကို သိရှိနားလည်ပြီး မလိုလားအပ်သော ဘေးအန္တရာယ်များကို ကောင်းစွာကြိုတင် ကာကွယ်နိုင်ရေးနှင့် ကျန်းမာပျော်ရွှင်စွာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များ၊ အပူဒဏ်ကြောင့် ဖြစ်ပွားသည့် ရောဂါလက္ခဏာများနှင့် သတိလစ်နေသည့်လူနာအား အရေးပေါ်ရှေးဦးပြုစုမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်များကို ဟောပြောသည်။

ယင်းနောက် ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးအတွက် ယာယီဖွင့်လှစ်ထားသည့် ဆေးပေးခန်း၌ ဒေါက်တာ သန်းမင်းထွန်း ဦးဆောင်သော ဆေးအဖွဲ့က ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးအတွက် အသုံးပြုရန် ပို့ဆောင်ရေးဝန်ကြီးဌာနက လှူဒါန်းသည့် အလှူငွေကျပ် ၅၄၀၀၀၀ ကို ပို့ဆောင်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ကပေးအပ်ရာ ဒေါက်တာ သန်းမင်းထွန်းက လက်ခံရယူသည်။

အဆိုပါ ဟောပြောပွဲများနှင့် ဆေးဝါးကုသမှုများကို ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာန၊ အဖွဲ့အစည်းများ၏ ယာယီဝန်ထမ်းအိမ်ရာများသို့ ဆေးအဖွဲ့များဖြင့် သွားရောက်၍ ဆေးကုသမှုများ၊ အသိပညာပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ညောင်ရွှေမြို့နယ်အတွင်း နေ့စပါးစိုက်တောင်သူများကို စက်သုံးဆီရောင်းချပေးခြင်းနှင့် နေကြာစိုက်တောင်သူများအား မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲတက်ရောက်

**ညောင်ရွှေ မေ ၂၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီက ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စုတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပူးပေါင်း၍ နွေစပါးစိုက်တောင်သူများကို စက်သုံးဆီရောင်းချခြင်းနှင့် မြေဩဇာကြဲပက်ပွဲ၊ နေကြာစိုက်တောင်သူများကို မျိုးစေ့ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကအမှာစကားပြောကြားပြီး နေကြာစိုက်တောင်သူများကို မျိုးစေ့များ ထောက်ပံ့ပေးအပ်၍ နွေစပါးစိုက်တောင်သူများကို စက်သုံးဆီများဖြန့်ဖြူးပေးကာ ပြည်နယ်ဝန်ကြီးများနှင့် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က နေကြာစိုက်တောင်သူများကို မျိုးစေ့များ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက တောင်သူဒေါ်လှမြိုင်စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်နေမှုနှင့် သဘာဝမြေဩဇာ ရောစပ်နေမှုကိုလည်းကောင်း၊ မျိုးစေ့၊ မြေဩဇာနှင့် သီးနှံကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာများကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နွေစပါးစိုက်တောင်သူများကို စက်သုံးဆီဖြန့်ဖြူးရောင်းချပေးနေမှုအား ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

အလားတူ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဝမ်ပုံကျေးရွာ ပုံးအင်းကျေးရွာအုပ်စုတွင် နွေစပါးစိုက်တောင်သူများကို စက်သုံးဆီနှင့် ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချပေးရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်တို့က အမှာစကားပြောကြားကြပြီး ပုံးအင်း၊ ဘန်းယဉ်၊ နောင်မွန်အုပ်စုမှ တောင်သူ ၇၀၆ ဦးကို နွေစပါး ၁၈၅၂ ဧကအတွက်စက်သုံးဆီ ဂါလန် ၁၈၅၂ ဂါလန်ကို တစ်ဂါလန်လျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။




ထို့ပြင် ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေသည် ကျောက်တလုံးကြီးမြို့ တွန်မုန်းဘုန်းတော်ကြီးကျောင်း၌ နွေစပါးစိုက်တောင်သူများကို စက်သုံးဆီရောင်းချပွဲသို့တက်ရောက်၍ အမှာစကားပြောကြားပြီး နွေစပါးစိုက်တောင်သူများအား စက်သုံးဆီများဖြန့်ဖြူးရောင်းချပေးမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ (V Fresh by Taunggyi farm) စိုက်ပျိုးရေးခြံသို့ သွားရောက်၍ အောင်မြင်စွာဖြစ်ထွန်းလျက်ရှိသည့် သီးပင်စားပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး တက်ရောက်

**နေပြည်တော် မေ ၂၃**

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများကို ဖိုရမ်၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က မေ ၂၁ ရက်မှ ၂၃ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် Hybrid Format ဖြင့် ကျင်းပသည်။



အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ကြပြီး အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး၊ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာ ဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်များ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ဒေသတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်နေသော စွမ်းအင်အကျပ်အတည်း များကြောင့် လူ့အခွင့်အရေး ကျင့်သုံးခံစားမှုအပေါ် သက်ရောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဖိုရမ်အနေဖြင့် ပြင်ပအဖွဲ့အစည်းများနှင့် ပတ်သက်သည့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဖိုရမ်၏ မဟာဗျူဟာဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (SCWG) ၏ တိုးတက်ဖြစ်ထွန်းမှုများ၊ ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက ဆွေးနွေးပြီး SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်များအနက် ကော်မရှင်က ဦးဆောင် အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော ဦးစားပေးကိစ္စရပ် အမှတ်(၂) ဖြစ်သည့် “စီးပွားရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်” ကိစ္စရပ်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးသည်။

ထို့နောက် “လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများအား ကာကွယ်ခြင်း – Defending the Defenders” ခေါင်းစဉ်ဖြင့် ဆက်စပ်ဆွေးနွေးပွဲကို မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် အရှေ့တောင်အာရှရှိ ကလေးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပါအဝင် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ၎င်းတို့၏ လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရသော ဘေးအန္တရာယ်များနှင့် ဖိအားများအပေါ် အပြန်အလှန်ဆွေးနွေးခြင်း၊ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပံ့ပိုးကူညီခြင်းတို့တွင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများအတွက် အကာအကွယ်နှင့် ပံ့ပိုးမှုများ ပိုမိုခိုင်မာအားကောင်းစေမည့် မဟာဗျူဟာများ ဖော်ဆောင်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများအကြား အတွေ့အကြုံများနှင့် ကောင်းမွန်သော အလေ့အကျင့်ကောင်းများကို အပြန်အလှန်ဆွေးနွေးခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ကော်မရှင်မှ ပါဝင်ဆွေးနွေးမှုများ ပြုလုပ်သည်။

ယနေ့တွင် ဖိုရမ်၏ ဒုတိယမြောက် ဆက်စပ်ဆွေးနွေးပွဲကို “လူ့အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုဖိုရမ် (၂၀၂၆)– Forum on Human Rights, Business, and Climate Justice 2026” ခေါင်းစဉ်ဖြင့် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် “ကြေညာစာတမ်းအဆင့်မှသည် လက်တွေ့လုပ်ဆောင်မှုအဆင့်သို့ အာဆီယံမူဘောင်ကို လက်တွေ့အကောင်အထည် ဖော်ခြင်း – From Declaration to Action: Operationalizing the ASEAN Framework”၊ “အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး – Business and Human Rights (BHR) in ASEAN”၊ “နယ်စပ်ဖြတ်ကျော်ရာသီဥတုဆိုင်ရာ တရားမျှတမှု– Transboundary Climate Justice”၊ “ရာသီဥတုဆိုင်ရာ တရားမျှတမှု – အပြန်အလှန်ဆက်နွှယ်နေသော မညီမျှမှုများကို ဖြေရှင်းဆောင်ရွက်ခြင်း – Climate Justice: Addressing Intersecting Inequalities” စသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပြီး ကော်မရှင်မှ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

▼ *ကျောဖုံးမှ*

၃။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစတင်ဆောင်ရွက်မည့် အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း Quick Win ရရှိစေမည့်အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်လည်းပါဝင်ရာ ချေးငွေအတိုးနှုန်းကို ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ ၁ နှစ်လျှင် ၅ % ဖြင့် သီးနှံအမျိုးအစားအလိုက် ၁ ဧကလျှင် အောက်ပါနှုန်းထားအတိုင်း တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပါသည် -

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေနှုန်းထား | တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား |
|---|---|---|---|
| (က) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀,၀၀၀ | ကျပ် ၃၀၀,၀၀၀ |
| (ခ) | အခြားသီးနှံ(၁၈)မျိုး | ကျပ် ၁၀၀,၀၀၀ | ကျပ် ၂၅၀,၀၀၀ |
| (ဂ) | ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော် | ကျပ် ၁၀၀,၀၀၀ | ကျပ် ၁၅၀,၀၀၀ |

၄။ ထို့အပြင် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း (Agro-based Industry) ကိုတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူ လုပ်ငန်းရှင်များလိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို သက်သာသော အတိုးနှုန်းဖြင့် ဝယ်ယူနိုင်စေရန် တန်ဖိုးနည်း လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရေတင်စက်မှအစ တန်ဖိုးမြင့်မားသော အခြောက်ခံစက်(Dryer)၊ သိုလှောင်ရုံ(Silo)၊ ဆန်စက်များ စသည့်လယ်ယာသုံးစက်ကိရိယာများကို အတိုးနှုန်း ၆% ၊ ချေးငွေပမာဏ ကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၀ အထက် တစ်ကဏ္ဍ တိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်ပါသည်။

၅။ ၂၀၂၄ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအား မိုးရာသီစိုက်ပျိုးချိန်အမီ **၁၂-၅-၂၀၂၄** ရက်နေ့မှ စတင်၍ ထုတ်ချေးမည်ဖြစ်ရာ ယခင်ချေးငွေများပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၄ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

**နေပြည်တော် မေ ၂၃**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## လူငယ်သင်တန်းကျောင်းများသို့ ဘော်လီဘောပိုက်နှင့် ဘော်လီဘောဘောလုံးများ ပေးအပ်လှူဒါန်း

**မန္တလေး မေ ၂၃**

မျိုးဆက်သစ်ဘော်လီဘောအားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးအတွက် မြန်မာနိုင်ငံဘော်လီဘောအားကစားအဖွဲ့ချုပ် နည်းပြဆရာကြီး (အား/ကာသိပ္ပံ) လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေက ယနေ့နံနက်ပိုင်းတွင် ဘော်လီဘောသင်တန်းသားလူငယ်များ၊ အမျိုးသမီးသင်တန်းသူများကို သတ်မှတ်အချိန်ပိုင်းအလိုက် သက်ဆိုင်ရာသင်တန်းကျောင်းများတွင် အခြေခံဘော်လီဘောအားကစားနည်းစနစ်များ စနစ်တကျသင်ကြားပို့ချပေးသည်။

ထို့နောက် သင်တန်းသားသင်တန်းသူများ စဉ်ဆက်မပြတ်လေ့ကျင့်ကစားရန်အတွက် မြန်မာနိုင်ငံဘော်လီဘောအားကစားအဖွဲ့ချုပ်မှ ထောက်ပံ့သည့် ဘော်လီဘော ဘောလုံးများနှင့် ဘော်လီဘောပိုက်များကို သင်တန်းကျောင်းတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

## သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ အခြေခံစားကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ

**ရန်ကုန် မေ ၂၃**



ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမကုန်သွယ်ကဏ္ဍမှ သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများလည်ပတ်နိုင်စေရန်နှင့် အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ပေါင်းစပ်ညှိနှိုင်းပေးမှုဖြင့် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့်ချိတ်ဆက်၍ မကွေးတိုင်းဒေသကြီး ဆိတ်ဖြူဒေသမှထွက်ရှိသော ကြက်သွန်နီပိသာ ၂၀၀၀၀ အား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအရောင်းဆိုင်များတွင် သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ပြင်ပပေါက်ဈေးထက် ချိုသာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ *ကျောဖုံးမှ*

တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်မည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု ဘော်လီဘောကစားသမားများရွေးထုတ်နိုင်ရန် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဘော်လီဘောအားကစားကို ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွစွာအားပေးလာခြင်းဖြင့် ထူးချွန်ထက်မြက်သော အားကစားသမားများပေါ်ထွန်းလာပြီး ဘော်လီဘော အားကစားအဆင့်အတန်းပိုမိုမြင့်မား တိုးတက်လာစေရေးတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြီး ကျင်းပပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် ဘော်လီဘောအားကစားနည်းတွင် အောင်မြင်မှုအနေဖြင့် ၂၀၁၇ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသမီးအသင်းအနေဖြင့် ပထမ၊ (၂၀၁၈၊ ၂၀၁၉ ၊ ၂၀၂၂ ) ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးပြိုင်ပွဲများတွင် တတိယနှင့် ၂၀၂၄ ခုနှစ် အမျိုးသားအားကစားပွဲတော်တွင် ဒုတိယရရှိခဲ့သောကြောင့် အောင်မြင်မှုအရှိန်အဟုန်များကို ဆက်လက်ထိန်းသိမ်းနိုင်အောင် ဘော်လီဘောအားကစားသမား အားလုံးက ကြိုးစား အားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ ယခုပြိုင်ပွဲမှ အရည်အချင်းရှိသော ဘော်လီဘော အားကစားသမားများကို စိစစ်ရွေးချယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်သောကြောင့် ဘော်လီဘောအားကစားသမားများ အနေဖြင့် တိုင်းဒေသကြီး လက်ရွေးစင်အဖြစ် ရွေးချယ်ခံရအောင် ကိုယ်စီကျွမ်းကျင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် အနိုင်မခံ အရှုံးမပေးသော အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ကြိုးစားယှဉ်ပြိုင်ကစားကြရန်လိုအပ်ကြောင်း၊ ဘော်လီဘောအားကစားသမားများ အနေဖြင့် အရည်အချင်းပြည့်ဝသော တိုင်းဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်း ဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ကွင်းအတွင်းမှပြန်လည်ထွက်ခွာကာ အမျိုးသားထားဝယ်မြို့နယ်အသင်းနှင့် ပုလောမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးရာ ထားဝယ်မြို့နယ်အသင်းက အနိုင်ရရှိသည်။

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားခြောက်သင်း၊ အမျိုးသမီးခြောက်သင်းတို့က မေ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ဆင်ပေါင်ဝဲမြို့ရှိ “အောင်” စက်သုံးဆီအရောင်းဆိုင်၌ မေ ၂၃ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေးစဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## ရေဦးမြို့နယ်၌ နွေစပါးစိုက်ပျိုးရေးအတွက် မြေပြုပြင်ရန် ကျန်ရှိကေများအား ဒီဇယ်ဆီ ဖြန့်ဖြူးရောင်းချပေး

**ရေဦး ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးနိုင်ရေး မြေပြုပြင်ရန်ကျန်ရှိသည့် စိုက်ဧကများအတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီများကို ယမန်နေ့က တောင်သူများသို့ဖြန့်ဖြူးပေးသည်။



ထိုသို့ ဖြန့်ဖြူးရောင်းချရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စက်သုံးဆီနှင့် ဓာတ်မြေဩဇာဖြန့်ဖြူးရေး လုပ်ငန်းကြီးကြပ်မှူး အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက ကျေးရွာများအလိုက် တောင်သူများ လက်ဝယ်အရောက် လက်ငင်းငွေချေစနစ်ဖြင့် တစ်ကေလျှင် ထွန်ယက်ဒီဇယ်ဆီ တစ်ဂါလန်ကို ကျပ်တစ်သောင်းနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ရေဦးမြို့နယ် အနေဖြင့် ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ ကျေးရွာပေါင်း ၁၂ ရွာမှ တောင်သူစုစုပေါင်း ၃၂၇ ဦးအား ထွန်ယက်ဧက ၁၆၀၀ အတွက် ဒီဇယ်ဆီ ဂါလန် ၁၆၀၀ ကို တောင်သူများအား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျွန်းစုမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေး

**ကျွန်းစု ဧပြီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာများကို ယမန်နေ့က ကျွဲခရံကျေးရွာ ဓမ္မာရုံ၌ အသိပညာပေးဟောပြောသည်။



ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးတင်လှိုင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာများကို ကျေးရွာသူ ကျေးရွာသားများအား အသိပညာပေးဟောပြောသည်။

ထို့နောက် သစ်တောဦးစီးဌာနဝန်ထမ်းများက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ သစ်တောထိန်းသိမ်းရေး၊ သစ်ပင်စိုက်ပျိုးခြင်းကြောင့် သဘာဝဘေးဒဏ်များမှ ကာကွယ်ပေးခြင်းဆိုင်ရာ ဗီဒီယိုကလစ်ကို ပြသခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



## ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပန်းချီပြိုင်ပွဲကျင်းပ

**ရွှေတောင် ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပန်းချီပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုသန့်က စာဖတ်သည့် အလေ့အကျင့်ရှိပြီး စာပေနှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာစေရန်၊ စာပေမှရရှိသော အသိပညာဗဟုသုတများစွာ တိုးပွားလာစေရန်၊ ဉာဏ်ရည်၊ ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကိုယ်ရည်ကိုယ်သွေးထက်မြက်လာစေရန် အသိပညာဗဟုသုတများ တိုးလာစေရန် အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## ကျုံဒိုးမြို့၌ ရေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**ကော့ကရိတ် ဧပြီ ၂၃**

ကရင်ပြည်နယ် ကျုံဒိုးမြို့၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ (၁/၂၀၂၄) အခမ်းအနားကို ယမန်နေ့က အမှတ်(၄) ရပ်ကွက် ကျွန်းကလေးဓမ္မာရုံ၌ ကျင်းပရာ သင်တန်းနည်းပြခြောက်ဦးဖြင့် သုံးရက်တာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသားသင်တန်းသူ ၃၄ ဦး တက်ရောက်သည်။



သင်တန်းတွင် ကြက်ခြေနီ အကြောင်း သိကောင်းစရာ၊ ရှေးဦးပြုစုခြင်း အတတ်ပညာ၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်း စသည့်သင်ခန်းစာများ သင်ကြားပို့ချပြီး သင်တန်းသားများအား ရေးဖြေစစ်ဆေးခြင်း၊ လက်တွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သည်။

သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရ သင်တန်းသားများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းတာဝန်ခံက သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တောင်တွင်းကြီးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး ဧပြီ ၂၃**

တောင်တွင်းကြီးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်းခွဲ (ကင်/သပြေပင်)၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထားကြိုးစားရန်၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့် ပြည့်စုံကုံလုံစွာ ဖွံ့ဖြိုးလာအောင် ကြိုးစားပြုစုပျိုးထောင်အားထုတ်ကြရန်လိုကြောင်း၊ ကျောင်းနေအရွယ်လွန်ပြီးနောက်လည်း အဆိုပါဗလငါးတန် ရှင်သန်ဖွံ့ဖြိုးတိုးတက်နေအောင် ကျောင်းသား ကျောင်းသူ လူငယ်များကိုယ်တိုင်က သင်ယူလေ့လာဆည်းပူးခြင်း၊ ဖြည့်ဆည်းပျိုးထောင်ခြင်းတို့ဖြင့် အစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသိပညာပေးဟောပြောပွဲသို့ အခြေခံပညာအထက်တန်းကျောင်း (ကင်/ချောင်း)မှ ကျောင်းသား ကျောင်းသူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

## အောင်လံမြို့၌ အပူလှိုင်းသတိပေးချက်များ လိုက်နာဆောင်ရွက်ရေး အသိပညာပေးနှိုးဆော်

**အောင်လံ ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ အပူရှိန်မြင့်တက်နေမှုကြောင့် ပြည်သူများ အပူဒဏ်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေး နှိုးဆော်မှုများကို ယနေ့တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မြို့ပေါ်လူစည်ကားရာနေရာများနှင့် လမ်းဆုံလမ်းခွများ၌ မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ အပူလှိုင်းနှင့်ပတ်သက်သည့် သတိပေးချက်များ၊ လိုက်နာရမည့်အချက်များကို အသံချဲ့စက်ဖြင့် တိုက်တွန်းနှိုးဆော်ရာတွင် နေရောင်ခြည်အောက်သို့ တိုက်ရိုက်ထွက်ခွာခြင်းမှ ရှောင်ကြဉ်ရန်၊ ခန္ဓာကိုယ်အတွင်း ရေဓာတ်မခန်းခြောက်စေရန် ရေနှင့် ဓာတ်ဆားရည်များကို သောက်သုံးရန်၊ အပြင်ထွက်ပါက ထီး၊ ဦးထုပ်များ ဆောင်းသွားရန်နှင့် အပူဒဏ်ခံနိုင်သော အဝတ်အထည်များ ဝတ်ဆင်ရန်၊ အပူဒဏ်ကြောင့် မူးဝေခြင်း၊ ပျို့အန်ခြင်းနှင့် ကြွက်တက်ခြင်းများ ဖြစ်ပေါ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန် စသည်တို့ကို တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



## မိုင်းယန်းမြို့၌ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်စစ်ဆေးပေး

**မိုင်းယန်း ဧပြီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာဖွံ့ဖြိုးပြီး လွယ်ကူစွာမွေးဖွားနိုင်ရန် ကျန်းမာရေးစစ်ဆေးစောင့်ရှောက်ပေးခြင်းနှင့် လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျိုင်းဟင်ရပ်ကွက်အတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနရုံး၌ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ခံဆရာမ ဒေါ်ငွေငွေခိုင်နှင့် ကျန်းမာရေးဆရာမများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များအား စနစ်တကျ စာရင်းပြုစု၍ ကျန်းမာရေးစောင့်ရှောက် စစ်ဆေးပေးခြင်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထူး**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိုင်းဆတ်မြို့၌ ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားနှင့် ရေကြီးရေလျှံမှုကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် ဧပြီ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားနှင့် ရေကြီးရေလျှံမှု ကာကွယ်ရေး လုပ်ငန်းများကို လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်း စစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးဇော်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိန်းလိတ်ကျေးရွာသွားလမ်းပေါ်ရှိ အရှည်ပေ ၁၈၀ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှု၊ မယ်ကော်(၁) ကျေးရွာလမ်းနှင့် ဝိန်းနေ(အမက) လမ်းတို့ကို ကတ္တရာခင်းရန် စီမံဆောင်ရွက်ထားရှိမှု၊ ဝိန်းဝိုင်ရပ်ကွက် ကုံကော်လမ်းနှင့် မယ်ဆွမ်မြောက်ရပ်ကွက် ဝမ်ဟုန်းလမ်းတို့ကို ကွန်ကရစ်လမ်း အဆင့်မြှင့်တင်နိုင်ရေး မြေပြင်တိုင်းတာစစ်ဆေးပြီး ရေကြီးရေလျှံမှုကာကွယ်ရန် မယ်ဆွမ်ချောင်း သဲနုန်းပြန်လည်တူးဖော်ရေးနှင့် ဆိုက်ခေါင်တံတားအထက်ဘက်ရှိ နမ့်ခုတ်ချောင်း ပြန်လည်တူးဖော်နိုင်ရေးအတွက် မြေပြင်အခြေအနေတို့ကို တိုင်းတာ စစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

ထို့နောက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား တွေ့ဆုံ၍ မြို့သန့်ရှင်းသာယာလှပရေးနှင့် လုပ်ငန်းများ စနစ်တကျရှိစေရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သုံးခွမြို့နယ်၌ ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်သင်တန်းဖွင့်

**သုံးခွ ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် နန်းခလဲကျေးရွာ ဒက္ခိဏာရုံကျောင်းတိုက်၌ ကျောင်းသား ကျောင်းသူများအား ဗုဒ္ဓဘာသာ၏ အခြေခံသဘောတရားများကို သိရှိလာစေရန်၊ ယဉ်ကျေးလိမ္မာသော ကလေးငယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာဓမ္မစကူးလ် သင်တန်းကို ဧပြီ ၂၂ ရက်က ဖွင့်လှစ်သည်။ အခမ်းအနားတွင် ဒက္ခိဏာရုံကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသူရသိဒ္ဓိက ဩဝါဒကထာ မြွက်ကြားသည်။ သင်တန်းကို ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော်က ဦးဆောင်ကြီးကြပ်ကာ ဧပြီ ၂၂ ရက်မှစတင်၍ တစ်လကြာ သင်တန်းနည်းပြ ခုနစ်ဦးတို့က သင်တန်းပို့ချမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၃၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ကွမ်းခြံကုန်းမြို့နယ်၌ လူငယ်စာဖတ်ဝိုင်းကျင်းပ

**ကွမ်းခြံကုန်း ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ စာပေဝါသနာရှင်များနှင့် ပူးပေါင်း၍



စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)ရေးသားသော အမွေခံတစ်ယောက် အမွေပေးသူတစ်ရာစာအုပ်ဖြင့် ယမန်နေ့က လူငယ်စာဖတ်ဝိုင်း ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်နန့်ရီရီချို က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မောင်ဟိန်းမင်းဦးက အမွေခံတစ်ယောက် အမွေပေးသူတစ်ရာခေါင်းစဉ်မှ တပည့်တစ်ဦးအတွက် ဆရာပေါင်းများစွာဟူသော စကားကို အလေးအနက်နားလည်ရမည့် အကြောင်းအရာကို လည်းကောင်း၊ မယွန်းဝတီက ပညာတတ်ဖို့ စာဖတ်ရမည်ခေါင်းစဉ်မှ အောင်မြင်သော ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ၊ ဝိဇ္ဇာပညာရှင်များသည် ငယ်ငယ်က အပြင်စာများစွာဖတ်ခဲ့ကြသူများဖြစ်ကြောင်း စသည့်အကြောင်းအရာကိုလည်းကောင်း ဆွေးနွေးသည်။

ထို့နောက်တက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



## ဇမ္ဗူသီရိမြို့နယ်၌ နွေစပါးစိုက်ပျိုးတောင်သူများအား ယူရီးယားဓာတ်မြေဩဇာအိတ်များ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေး

**နေပြည်တော် ဧပြီ ၂၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာ၌ နွေစပါးစိုက်ပျိုးတောင်သူများအား ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများက ယူရီးယားဓာတ်မြေဩဇာအိတ်များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည်။

ထိုသို့ စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာရှိ ကျေးရွာဘက်စုံသုံးခန်းမ၌ စုရပ်ပြုလုပ်၍ ဒေသခံတောင်သူ ၂၁ ဦးအား နွေစပါးသီးနှံ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၃၅ အိတ်ကို သက်သာသောဈေးနှုန်းဖြင့် တောင်သူများထံ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာ ညှော်သည်ခေါ်ဘုရားပွဲတော်နှင့် (၅၁)ကြိမ်မြောက် ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကျင်းပ

**ချောင်းဆုံ ဧပြီ ၂၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ရှေးအစဉ်အလာမပျက် ညှော်သည်ခေါ် ဘုရားပွဲတော်များကို ဧပြီလဆန်းပိုင်းမှစတင်၍ တစ်ရွာတစ်ရက် ကျင်းပပြီး တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ဖြစ်သည့် ဘုရားဖူးနွားလှည်းယဉ်ကျေးမှုကို ထည့်သွင်းကျင်းပလျက်ရှိသည့် ကမာမိုကျေးရွာဘုရားပွဲ၌ ဧပြီ ၂၂ ရက်က (၅၁) ကြိမ်မြောက် ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ကမာမိုကျေးရွာ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကို ၁၉၇၅ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၅၁) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ မိမိယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်ရန်အတွက် ရည်ရွယ်၍ ဘုရားဖူးနွားလှည်းယဉ်ကျေးမှု ပြိုင်ပွဲ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင် ဘုရားဖူးနွားလှည်းယဉ် လေးစီးဝင်ရောက်ယှဉ်ပြိုင်ကာ အဆိုပါဘုရားဖူးနွားလှည်း ယဉ်ကျေးမှုပြိုင်ပွဲကို ရပ်ဝေးရပ်နီးမှ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

**ကိုကျော်(ချောင်းဆုံ)**



## အရာတော်မြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

**အရာတော် ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ



ကာကွယ်နှိမ်နင်းရေး အသိပညာဆွေးနွေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ဧပြီ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် အမှတ်(၃) ရပ်ကွက်ရှိ နေအိမ်များတွင် ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး-၁၊ ကျန်းမာရေးကြီးကြပ်-၂ ဦးရဲလွင်ကိုနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါပိုး ဝင်ရောက်နိုင်သည့် အခြေအနေများ၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်သည့် အသက်အရွယ်နှင့် ရောဂါလက္ခဏာများ၊ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာဖြစ်ပေါ်ပါက ဆောင်ရွက်ရမည့် နည်းလမ်းများ၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားအောင် ကာကွယ်နိုင်မည့် နည်းလမ်းများကို အသိပညာပေးဆွေးနွေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အမှတ်(၃)ရပ်ကွက်ရှိ နေအိမ် ၂၁၈ အိမ်တို့ကို စစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်တို့ ပူးပေါင်းပြီး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တနင်္သာရီမြို့နယ်၌ သစ်တောထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအသိပညာပေး

**တနင်္သာရီ မေ ၂၃**

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ မြို့နယ် သစ်တောဦးစီးဌာနက သစ်တော သယံဇာတများ ရေရှည်တည်တံ့စေရေး၊ တောမီးဖြစ်ပွားမှု လျော့နည်းစေရေးနှင့် မီးခိုးမြူငွေ့ ကြောင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျှော့ချနိုင်ရေးအတွက် ယနေ့ မွန်းလွဲပိုင်းက မြို့နယ်သစ်တော ဦးစီးဌာန၌ အသိပညာပေး ဟောပြောသည်။



ဟောပြောပွဲတွင် မြို့နယ် သစ်တောဦးစီးဌာန တောအုပ် ဦးဇေယျာမိုးက အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံ ပြည်သူများအား သစ်တော ထိန်းသိမ်းရေး၏ အရေးပါမှု အကြောင်းကို လည်းကောင်း၊ တနင်္သာရီမြို့နယ် သစ်တောဦးစီး ဌာနမှ တောအုပ် ဦးမောင်မောင် ကျော်က တောမီးလောင်ကျွမ်းမှု ကြောင့် လေထုအတွင်း မီးခိုးမြူငွေ့ များ တိုးပွားလာကာ လူ့ကျန်းမာ ရေးနှင့် သဘာဝပတ်ဝန်းကျင် အပေါ် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင် ကြောင်း၊ မီးရှို့ခြင်းအလေ့အထ များကို လျှော့ချကာ ပတ်ဝန်းကျင် နှင့် ကိုက်ညီသည့် နည်းလမ်းများ ကို အသုံးပြုသင့်ကြောင်း အသိပညာပေး ဆွေးနွေးသည်။

ထို့နောက် သစ်တောဝန်ထမ်း များက မီးခိုးမြူငွေ့လျှော့ချရေး ဆိုင်ရာ လက်ကမ်းစာစောင်များ နှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေကြ ပြီး သစ်တောထိန်းသိမ်းရေး၊သစ်ပင် စိုက်ပျိုးခြင်းကြောင့် သဘာဝ ဘေးဒဏ်များမှ ကာကွယ်ပေးခြင်း ဆိုင်ရာ Video Clip များ ပြသခဲ့ သည်။ **တနင်္သာရီ(ပြန်/ဆက်)**



ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)တွင် မေ ၂၃ ရက်က ခရိုင်မီးသတ် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်၍ ခရိုင်/မြို့နယ် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင် များ ပူပြင်းရာသီရောက်ရှိလာသောကြောင့် မီးလောင်မှု/ မီးလန့်မှု မဖြစ်ပေါ်စေရေးအတွက် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးပြီး လက်ကမ်းစာစောင်ဖြန့်ဝေစဉ်။ ဘုန်းမြတ်

# လှိုင်သာယာမြို့နယ်၌ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရက်(၁၀၀)အတွင်း လုပ်ငန်းရှင် ၁၀၀ ပေါ်ထွက်လာရေး စီမံချက် အဖြစ် အသေးစားကုန်ထုတ် လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုး ရေးစီမံကိန်းဖြင့် စက်ချုပ် နည်းပညာသင်တန်း ဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက် ၁၁ နာရီ တွင် အမှတ်(၂၂)ရပ်ကွက် လှိုင် သာယာမြို့နယ် မေတ္တာသီတဂူ မိန်းကလေး(ပရဟိတ) သီလရှင် ကျောင်းတိုက်၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန် တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးသက်နိုင်ဦးက အမှာ စကားပြောကြားပြီး ဌာန၏ လုပ်ဆောင်နေမှုများ၊ စီမံကိန်း လုပ်ငန်းဆောင်ရွက်ရခြင်း ရည်ရွယ် ချက်များ၊ စီမံကိန်းအကျိုးကျေးဇူး များ၊ လုပ်ငန်းထူထောင်နိုင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်း များ ပံ့ပိုးပေးမည့်အစီအစဉ်များ၊ လုပ်ငန်း ထူထောင်မည့်သူများ ရွေးချယ်ရာတွင် အမှန်တကယ် လုပ်ငန်းထူထောင်မည့်သူများကို သာ ရွေးချယ်သွားမည်ဖြစ် ကြောင်း ရှင်းလင်းပြောကြား ပြီး သင်တန်းသုံးပစ္စည်းများကို သင်တန်းသူတစ်ဦးအား လွှဲပြောင်း ပေးအပ်သည်။ **(ဝဲပုံ)**

အဆိုပါ စက်ချုပ်နည်းပညာ သင်တန်းကိုစာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် မေ ၂၂ ရက်မှ ဇွန် ၂၂ ရက်အထိ စက်ချုပ်ဘာသာရပ် ၁၀ မျိုးကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# မြဝတီမြို့၌ FDA ခွင့်ပြုချက်မရှိသော စားသောက်ကုန်များ ရောင်းချမှုမရှိစေရေး အသိပညာပေးဆွေးနွေး

**မြဝတီ မေ ၂၃**

ကရင်ပြည်နယ် မြဝတီမြို့၌ FDA ခွင့်ပြုချက်မရှိသော စားသောက်ကုန် များ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေးနှင့် ပြည်သူများ အစာအဆိပ်သင့်ခြင်း မဖြစ်စေရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ယမန်နေ့က မြဝတီမြို့ ဘုရင့်နောင်ဈေး၊ ကျွန်းတောဈေး၊ ကြံခင်းဈေး၊ အင်ကြင်းမြိုင်ကျေးရွာ နှင့် ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များအား အဖွဲ့သုံးဖွဲ့ခွဲကာ မြေပြင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် အမှတ်(၅) ရပ်ကွက်၊ ကိုးနဝင်း ဘုန်းတော် ကြီးကျောင်းဓမ္မာရုံနှင့် အမှတ်(၃)ရပ်ကွက် ဓမ္မရန်အောင် ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံတို့၌ အသိပညာပေးဆွေးနွေးခဲ့သည်။

ဦးစွာ မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်းက အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးဇော်မော်အောင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါ်စမ်းစမ်းထွေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး (အစားအသောက်) ဦးသာနိုင်စိုးနှင့် တာဝန်ရှိသူ များက FDA ခွင့်ပြုချက်မရှိသော စားသောက်ကုန်များ၊ သက်တမ်း လွန်နေသည့် စားသောက်ကုန်များ ဝယ်ယူစားသောက်ခြင်းမပြုကြရန် နှင့် အဆိုပါစားသောက်ကုန်များကို စားသုံးမိပါက အစာအဆိပ်သင့် ခြင်းများ ဖြစ်လာနိုင်သည့်အတွက် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူ များက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် သိမ်းဆည်းရမိသည့် FDA ခွင့်ပြုချက်မရှိသော စားသောက်ကုန်များနှင့် သက်တမ်းလွန် စားသောက်ကုန်များအား အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းအတွင်း၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်သူများထံသို့ စားအုန်းဆီရည်ညွှန်းဈေးအတိုင်း ဖြန့်ဖြူးရောင်းချနေမှုများ ကြည့်ရှုစစ်ဆေး

**ညောင်တုန်း မေ ၂၃**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အတွင်း ပြည်သူ့အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် ပြည်သူများထံသို့ စားအုန်းဆီ ရည်ညွှန်းဈေးအတိုင်း ဖြန့်ဖြူး ရောင်းချနေမှုများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူ များက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ပြည်သူ့ အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်၊ အဖွဲ့ဝင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဦးကျင်စိုး၊ အတွင်း ရေးမှူး စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်တို့ က ဆားမလောက်ကျေးရွာတွင် လက်ကားဆီ ကိုယ်စားလှယ်မှ ပြည်သူများသို့ ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ နှုန်းဖြင့် ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လက်ကားဆီ ကိုယ်စားလှယ်များ အနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့် အညီ မှန်ကန်စွာရောင်းချစေရေး ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်ဆက်)**

# စလင်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**စလင်း မေ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးကကြီးမှူး၍ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Unique ID နံပါတ်ထုတ်ပေးခြင်းကို မေ ၂၂ ရက် နံနက်က စလင်းမြို့နယ် တောစိမ့်ကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း ၌ ဆောင်ရွက်သည်။ **(ယာပုံ)**

အဆိုပါ ရက် (၁၀၀) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စလင်းမြို့နယ် ဦးစီးမှူး ဦးစည်သူလွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ နှင့် ရပ်/ ကျေးစာရေးများက အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့်ပြီး သူများအား နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်လိုသည့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူ ၃၀၀ ကျော်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သူနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများက သွားရောက် ကြည့်ရှုအားပေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်လွင်(စလင်း)**



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသည့် ဘေးထွက်ပစ္စည်းများဖြစ်သော သတင်းစာ(ရိုက်ပျက်)၊ ပုံနှိပ်ပြီးသော ပလိတ်ပြား (အဟောင်း)၊ လုံးကျန်၊ လိပ်ခွာ၊ စက္ကူလိပ်၏ (အူတိုင်အလွတ်) မင်ပုံးခွံ၊ ထိပ်ပိတ် အဝိုင်းပြားများနှင့် ဓာတ်ဆေးရည်ပုံးခွံနှင့် ပုံနှိပ်စက်သုံးပြီး Rubber Blanket (အဟောင်း)တို့ကို ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်နှင့်သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ အမှတ် (၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် ၂၄-၄-၂၀၂၆ ရက်နေ့မှ ၈-၅-၂၀၂၆ ရက်နေ့ အထိ ရုံးဖွင့်ရက်တွင်နေ့စဉ် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၁၁-၅-၂၀၂၆ ရက်နေ့ မွန်းတည့် ၁၂:၀၀ နာရီအတွင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ အမှတ် (၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်၍တင်သွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး (၁%) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG (Performance Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၄။ အသေးစိတ်သိလိုပါက ရုံးချုပ်(နေပြည်တော်) ညွှန်ကြားရေးမှူး(စီမံ) ၊ ဖုန်း-၀၆၇၃-၄၁၂၆၆၂၊ ၀၆၇၃-၄၁၂၁၂၃၊ ၀၁၈-၂၀၁၁၉၂၊ ၀၁၈-၂၀၀၈၁၄ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်။**
**အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀)
## သန်လျင်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၅

| | | |
|---|---|---|
| ဦးစည်သူထွန်း | နှင့် | ၁။ ဦးလှထွန်းလွင်<br>၂။ ဦးအောင်စိန်<br>၃။ ဦးပြည့်စုံ<br>၄။ ဒေါ်စိုးစိုးခင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက် (ယခုနေရပ်လိပ်စာမသိ) (၁) တရားပြိုင် ဦးလှထွန်းလွင် (၂) တရားပြိုင် ဦးအောင်စိန် (၃) တရားပြိုင် ဦးပြည့်စုံ (၄) တရားပြိုင် ဒေါ်စိုးစိုးခင်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစည်သူထွန်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုအရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ယင်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့် အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်) အင်္ဂါနေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်မိုး)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ ၂၀)
## တွံတေးခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၁၀

| | | |
|---|---|---|
| ဒေါ်အေးအေးစိုး | နှင့် | ဦးအောင်သာ |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (က/၆၈၁) နေ ဦးအောင်သာ၊ ၁၂/ဒလန(နိုင်)၀၀၂၈၆၀ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အေးအေးစိုး က " သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု " လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ် ၊ မေ လ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ၊ ဧပြီ လ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( ဂုဏ်ရည်)
ဒုတိယခရိုင်တရားသူကြီး(၅)
တွံတေးခရိုင်တရားရုံး

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၃)ရပ်ကွက်၊ ရဲရန်အောင် (၄)လမ်း၌ နေထိုင်သူများဖြစ်ကြသော ဦးပိုင်ရဲကျော် (ဘ) ဦးထင်ကျော် (၁၄/ရသယ(နိုင်)၀၀၂၀၇၁)နှင့် ဒေါ်ခိုင်ယဉ်မင်းစိုး (ဘ) ဦးအောင်စိုး (၁၄/ဟသတ (နိုင်)၂၇၆၂၉၄) တို့မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(၂၇-၁၁-၂၀၂၃) ရက်တွင် ဦးပိုင်ရဲကျော်နှင့် ဒေါ်ခိုင်ယဉ်မင်းစိုးတို့မှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အသက်ပြည့်ပြီး လွတ်လပ်သော ဗမာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်သည့်အတွက် အသိသက်သေလူကြီးများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ ထိမ်းမြားလက်ထပ်ခြင်း ကတိစာချုပ်အား ချုပ်ဆို၍ တရားဝင် အကြင်လင်မယားအဖြစ် ယနေ့အချိန်ထိ ပေါင်းသင်းနေထိုင်သူများဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပိုင်ရဲကျော်(၁၄/ရသယ(နိုင်)၀၀၂၀၇၁)၊ ဒေါ်ခိုင်ယဉ်မင်းစိုး**
**(၁၄/ဟသတ (နိုင်)၂၇၆၂၉၄) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းသန္တာဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၇၆)**
**အမှတ် (၂၅၀)၊ ပြည်တော်သာ (၅) လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း ၀၉-၄၃၁၇၂၀၄၅၊ ၀၉-၄၀၂၆၁၇၂၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/7340, Kamax 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၄/ဇလန(နိုင်)၁၀၂၃၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ၇/၈ ပြည်တော်သာတိုက်နေ ကျွန်တော် ဦးသက်ဝေ ၇/ ကကန (နိုင်) ၀၃၂၈၂၆ နှင့် ဒေါ်သီရိချို ၇/ တငန (နိုင်) ၁၀၀၈၉၈ တို့သည် လွန်ခဲ့သော (၂၀၀၅) ခုနှစ်မှ စတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားတိုက်ဆိုင်မှု မရှိတော့ဘဲ ဆက်လက်ပေါင်းသင်းနေထိုင်ရန် စိတ်ဆန္ဒမရှိတော့ပါ၍ တောင်ငူခရိုင်တရားရုံးတွင် ကျမ်းကျိန်အမှတ်စဉ် ၂၂၅/ ၂၀၂၆ ဖြင့် (၂၃.၄.၂၀၂၆) ရက်နေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်သီရိချိုသည် နောက်နောင် ကျွန်တော် ဦးသက်ဝေနှင့် မည်သို့မျှ ပတ်သက်ဆက်ဆံခြင်း မရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသက်ဝေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/56767 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မြတ်အောင် ၇/ဒဥန(နိုင်)၂၆၁၁၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/50987,TVS WEGO 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၇/ပခက(နိုင်)၂၁၇၈၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8059 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၁၂/ဒဂတ(နိုင်)၀၂၇၄၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/84465, Zhineng -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်တင် ၁၄/ပသန (နိုင်)၀၉၀၇၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 32W/1879, Honda Wave 125 Motor Cycle (2 x 1)ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၈/ရနခ (နိုင်)၀၇၉၂၄၈ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/28978 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိငြိမ်း ၇/တငန (နိုင်)၂၁၀၅၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## (၂၈-၃-၂၀၂၆) ရက်နေ့ထုတ်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ - ၂၆ တွင် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်နှင့် ပတ်သက်၍ ကန့်ကွက်ပါကြောင်းနှင့် အမွေဆိုင် ဆိုင်ခန်းဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄) ရပ်ကွက်၊ ၂၈-လမ်း (အလယ်)၊ အမှတ်- (၁၂၀)၊ ပထမထပ်နေ ကွယ်လွန်သူ ဦးသိန်းထွန်း၏ ဇနီးဖြစ်သူ ဒေါ်အေးသန္တာထွန်း (၁၂/ကတတ(နိုင်)၀၂၇၃၈၈) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိပွဲရုံအဆောင် (၂၁)၊ အခန်း- (၁) ၏ အမည်ပေါက်ပိုင်ရှင် ဦးမောင်လှ (၁၂/ဗတထ(နိုင်) ၀၃၀၀၆၄) ထံမှ ဦးမာမက်အီစွတ် (၁၂/ပဘတ(နိုင်)၀၁၁၄၀၇) က (၂၁-၈-၂၀၀၇) ရက်တွင်လည်းကောင်း၊ ဦးမာမက်အီစွတ်ထံမှ ဦးဇော်မျိုးသိန်း (၁၂/လသန (နိုင်) ၀၂၁၃၃၄) က (၁၈-၆-၂၀၁၉) ရက်တွင်လည်းကောင်း၊ ထပ်မံဝယ်ယူခဲ့ပြီး ၎င်း၏ အမည်သို့ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်ပါသည်။

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၂၁)၊ အခန်း- (၁) သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနတွင် အမည်ပေါက်ပိုင်ရှင် ဦးမောင်လှ (၁၂/ဗတထ (နိုင်)၀၃၀၀၆၄)ထံမှ ဦးမာမက်အီစွတ် (၁၂/ပဘတ(နိုင်)၀၁၁၄၀၇) က ဝယ်ယူပိုင်ဆိုင်ထားသော ဆိုင်ခန်းဖြစ်ပါသည်။

ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမာမက်အီစွတ်(ကွယ်လွန်)ပြီးနောက် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ရာဘီယာဘီနှင့် သားသမီး (၇) ဦးအပါအဝင် စုစုပေါင်း (၈) ဦးတို့မှ အစ္စလာမ်ဓလေ့ ထုံးတမ်းဥပဒေအရ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် အမွေဆိုင်ဆိုင်ခန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဆိုင်ခန်းအား အမွေဆိုင်တစ်ဦးဖြစ်သူ ဦးဇော်မျိုးသိန်းမှ ဝယ်ယူထားပါသည်ဟု လူကြီးမင်းဌာနတွင် အမည်ပြောင်း လျှောက်ထားလာခြင်းကို ကန့်ကွက်ပါကြောင်းနှင့် အမွေဆိုင်ဆိုင်ခန်း ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်ဝင့်ထက်ထက်စံ (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၁၈၅၅၃)** | **(စဉ်-၅၅၇၆၄)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ် (၁၁၅)၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၅၀၆၄၉၅၉၊ ၀၉-၅၀၈၈၆၀၅၊ ၀၉-၇၈၀၀၅၄၀၆၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကွင်းအမှတ်- ၈၀၊ ရှမ်းစုကြီးကွင်း၊ ရှမ်းစုကျေးရွာ၊ ဦးပိုင်မြေကွက်အမှတ်-၁၂၉/၁၀၊ မြေဧရိယာ (၀.၁၂) ရှိ ခြံမြေကွက်သည် ဒေါ်ဖြူနှင်းဖွေး အမည်ဖြင့် မြေခွန်ပြေစာ ထွက်ရှိပြီးဖြစ်ပါသည်။ အဆိုပါခြံမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် ဦးကျော်နိုင်ခြံနှင့် ကပ်လျက်ဘက်ရှိ မြေဧရိယာ (၀.၀၆) ရှိ ခြံမြေကွက်အား တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဖြူနှင်းဖွေး (၁၂/တတန(နိုင်)၁၉၁၈၉၈) က ယခုရောင်းချသည့် ခြံမြေအား မိမိတစ်ဦးတည်းသာ တရားဝင်လက်ရှိထား ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းအပေါင်အနှံကင်းရှင်းကြောင်း တာဝန်ယူဝန်ခံကတိပြုပြီး ရောင်းချရာကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုကို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၄၉)**
**အမှတ်(၂၃)၊ လမ်း ၁၃၀ နှင့် သုံးမြောင့်လမ်းထောင့်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၇၈၁၆၈၅၀၄၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ ဥယျာဉ်လမ်းသွယ်၊ မြေကွက်အမှတ်-၂၁၁၊ အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀)ရှိ ပါမစ်မြေကွက်သည် အရာခံဗိုလ်ရွှေခင် (၃/လဘန(နိုင်)၀၉၀၃၀၆) အမည်ပေါက်ဖြစ်ပြီး အဆိုပါ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ကေသီမော် (၁၂/ဒဂရ(နိုင်)၀၀၂၉၇၇) က ယခုရောင်းချသည့်အိမ်ခြံမြေအား မိမိတစ်ဦးတည်းသာ တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းကြောင်း တာဝန်ယူဝန်ခံကတိပြုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၉) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုကို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၄၉)**
**အမှတ် (၂၃)၊ လမ်း ၁၃၀နှင့် သုံးမြောင့်လမ်းထောင့်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၇၈၁၆၈၅၀၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၈၀၀၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းမော် ၁၀/မလမ(နိုင်)၃၂၂၆၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ်မှ စက်ကိရိယာပစ္စည်း(၂၈)မျိုးနှင့် သာမန်အသုံးစရိတ်မှ ရုံးအသုံးအဆောင်ပစ္စည်း (၂၆)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို**ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၂၉) နေပြည်တော်**တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**စက်ကိရိယာပစ္စည်း(၂၈)မျိုး**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | ၂၇-၄-၂၀၂၆ ရက်မှ ၈-၅-၂၀၂၆ ရက်အထိ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၈-၅-၂၀၂၆ ရက် (သောကြာနေ့) (၁၅:၀၀)နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - | ၁၄-၅-၂၀၂၆ ရက် (ကြာသပတေးနေ့) |

**ရုံးအသုံးအဆောင်ပစ္စည်း(၂၆)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | ၂၇-၄-၂၀၂၆ ရက်မှ ၈-၅-၂၀၂၆ ရက်အထိ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၈-၅-၂၀၂၆ ရက်(သောကြာနေ့) (၁၅:၀၀)နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - | ၂၁-၅-၂၀၂၆ ရက် (ကြာသပတေးနေ့) |

၃။ တင်ဒါတင်သွင်းရန် တင်ဒါလျှောက်လွှာပုံစံဝယ်ယူသည့်နေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အစည်းအဝေးခန်းမ)၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ Website www.rtad.gov.mm ၊ www.myanmarrtad.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၄၀၅၀၉၈၊ ၀၆၇-၄၀၅၃၆၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၄)လမ်း၊ အပိုင်း(၃)၊ မြေကွက်အမှတ်(၅၉၄) မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက်၏ တိုက်အမှတ် (၅၉၄)၊ (၅)လွှာ၊ ခြေရင်းခန်း(တိုက်မျက်နှာမူလျှင်-ညာဘက်ခြမ်း)၊ အကျယ်အဝန်း(၁၂.၅x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဇာခြည်စိမ့်စိမ့်သူ(၉/မသန(နိုင်)၀၇၇၅၅၃)က ဝယ်ယူပိုင်ဆိုင်အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်တော်ဦးထိန်လင်းအောင် (၇/ပခန(နိုင်)၂၉၈၄၂၅)နှင့် ကျွန်မ ဒေါ်ခင်မျိုးမြင့် (၅/ဘတလ(နိုင်)၀၈၁၃၅၈)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးထိန်လင်းအောင်** | **ဒေါ်ခင်မျိုးမြင့်** |
| **၇/ပခန(နိုင်)၂၉၈၄၂၅** | **၅/ဘတလ(နိုင်)၀၈၁၃၅၈** |
| **ဖုန်း-၀၉-၇၉၀၅၄၉၀၁၁** | |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ ထူပါရုံ(၁၆)လမ်း(အရှေ့)၊မြေကွက်အမှတ်(၁၅၁၃/က+ခ)၊ပေ(၄၀x၆၀)အကျယ်ရှိ ဒေါ်မိုးမိုးခိုင် အမည်ပေါက် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်(RC)၏ စတုတ္ထထပ်(၅)လွှာ၊ (ခြေရင်းခြမ်း)၊ ဧရိယာ(၉၁၈)စတုရန်းပေ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်မျိုးထွဋ်(၁၂/ဒဂတ(နိုင်)၀၉၇၃၄၅)ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်နှင့်သက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် (၅) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၉)**
**အမှတ်(၃၉၁)၊ တက္ကသိုလ်လာလမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၀၇၈၀၉၀၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 38W/1895 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆင့် ၉/မမန(နိုင်)၀၁၇၈၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8H/5306 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၉/ပဥလ(နိုင်)၀၃၆၃၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ပြင်ဦးလွင်)**

## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များ အား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အောင်လံမြို့၊ (၄)ခန်းတွဲ(၅)ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း(၁)လုံး၏ (၅၀%) နှင့် ကွန်ကရစ်လမ်းခင်းခြင်း (၂၅၀' x ၂၄' x ၉")

(ခ) ချောက်မြို့ ဝန်ထမ်းအိမ်ရာတွင် ရေပိုက်လိုင်းအကြီးစားပြုပြင်ခြင်းလုပ်ငန်း(ဆ/ဦ အတွင်း+အပြင်) [ စည်ပင်ရေလှောင်ကန်မှ ဆ/ဦ သို့ ရေပိုက်လိုင်း အသစ်သွယ်တန်းခြင်း(၂၀၀၀')အပါ]

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** | - | (၂၈-၄-၂၀၂၆)ရက် |
| (ခ) | **တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက်** | - | (၂၇-၅-၂၀၂၆)ရက် |
| (ဂ) | **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်နေ့ရက်/အချိန်** | - | (၂၉-၅-၂၀၂၆)ရက် (၁၆:၀၀)နာရီ |
| (ဃ) | **တင်ဒါဖွင့်ပွဲဆောင်ရွက်မည့်နေ့ရက်/အချိန်/နေရာ** | - | ထပ်မံကြေညာပါမည် |
| (င) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မကွေးမြို့ |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ် (၅၉၀/၁၄)တွင် တည်ရှိသော ဦးပိုင်အမှတ် (၁၂–က/၄၃)၊ ဧရိယာ (၀.၀၂၉၈) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးကျော်ကျော်ဝင်း (ခ) ရန်ကွေ့ယုံ အမည်ပေါက်လျက်ရှိသော ဂရန်မြေကွက်ဖြစ်ပါသည်။

အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးဇော်မျိုးဦး၊ ဒေါ်နန်းတင်မိုးသူ တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ လက်ရှိဝယ်ယူပိုင်ဆိုင်လျက်ရှိသူများဖြစ်ကြသော ဦးဇော်မျိုးဦး၊ ဒေါ်နန်းတင်မိုးသူထံမှ အထက်ဖော်ပြပါ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ် (၅၉၀/၁၄)၊ ဦးပိုင်အမှတ် (၁၂–က/၄၃)၊ ဧရိယာ (၀.၀၂၉၈) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပွင့်ရည်ဦး (ခ) ချောချော**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၈၉၉၉)**
**လမ်း ၆၀၊ ၂၇ x ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း–၀၉–၉၄၂၀၂၀၄၇၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၇

ဦးကျောက်ရှောက်ကျွင်(ခ) နှင့် တကကစိုးဝင်း
အုပ်စိုးခန့် (အရွယ်မရောက်သေးသူ)
၎င်း၏နီးစပ်ရာမိတ်ဆွေ ဒေါ်ရန်ကျူကြီး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် (လလ-၁)နေ တပ်ကြပ်ကြီးစိုးဝင်း (ဘ) ဦးစိုင်းစံ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် တပ်ကြပ်ကြီးစိုးဝင်း သင့်အပေါ်၌ တရားလို ဦးကျောက်ရှောက်ကျွင် (ခ) အုပ်စိုးခန့် (အရွယ်မရောက်သေးသူ) ၎င်း၏နီးစပ်ရာ မိတ်ဆွေ ဒေါ်ရန်ကျူကြီးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၁)၊ ဦးပိုင်အမှတ် (၃၈)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိုးဝင်း အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇

ဒေါ်ယဉ်သူသူမင်း နှင့် ဦးတင်မောင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၆x၅၇လမ်းကြား၊ ၁၂၈x၁၂၉လမ်းကြားနေ ဦးတင်မောင်(ဘ)ဦးကျော် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်ယဉ်သူသူမင်း က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၂)၊ ဦးပိုင်အမှတ်(၅၁)၊ ဧရိယာ (၀.၀၅၅၁) အကျယ်အဝန်းရှိ ဦးတင်မောင် အမည်ပေါက်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်။ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၄

ဒေါ်ဖုန်မြင့်(ခ)ဒေါ်မိမိ နှင့် တကကက မောင်မောင်မြင့်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၅(ဘီ)လမ်း၊ အေးမေတ္တာလမ်းနှင့် အေးသုခလမ်းကြားနေ တကကက မောင်မောင်မြင့် (ဘ)ဦးအုန်းဟန် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖုန်မြင့်(ခ)ဒေါ်မိမိက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၉)၊ ဦးပိုင်အမှတ် (၁၁)၊ ဧရိယာ (၀.၀၅၅) အကျယ်အဝန်းရှိ တကကက မောင်မောင်မြင့် အမည်ပေါက်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေ လ ၅ ရက်(၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာချုပ် စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီ လ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဩချောင် ရပ်ကွက်၊ အကွက်အမှတ် (၅၀၅)၊ ဦးပိုင်အမှတ် (၉၀/၁)၊ ဧရိယာ (၂၉x၃၉) ပေ အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက် ဖြစ်ပါသည်။ ယခုလက်ရှိ ပိုင်ဆိုင်ထားသူများဖြစ်သော (၁) ဒေါ်မာမာရီ၊ (၂) ဒေါ်ဝင်းဝင်းသန်း၊ (၃) ဦးထွန်းအောင်ကျော်၊ (၄) ဦးခင်ဇော်၊ (၅) ဒေါ်ဝင်းကြည်၊ (၆) ဦးဇော်မျိုးထွေးတို့က တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်း စာရွက်စာတမ်းများနှင့် အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်ဇာနည်ဝင်း (LL.B) (စဉ်-၅၅၅၂)**
**အထက်တန်းရှေ့နေ**
**၆၂လမ်း ၊ ၁၁၃လမ်း ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း ၀၉-၄၄၂၂၇၇၀၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/86536, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၅/စကန(နိုင်)၁၈၇၇၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/4721, VC M.P.V (UVMPV-01), Micro Bus(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ၈/ဂဂန (နိုင်)၀၈၉၃၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/40588 HonFu-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မမမျိုး ၉/မရမ(နိုင်)၀၄၀၅၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/39758 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးပြည့်စုံ ၉/အမဇ(နိုင်)၀၅၂၂၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဒေါ်အေးအေးသန်း (၁၂/ဥကမ(နိုင်) ၀၉၅၉၄၈) သိရှိစေရန်နှင့် မြေကွက်အမှတ် ၁၁၁၇/ခ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပေးရန်အတွက် ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ် ၂၊ သုခမ္မာ ၅ လမ်း နှင့် ၆ လမ်းကြား (လမ်းအမည်-မရှိ၊ ကန့်လန့်ဖြတ်လမ်းတို့)ရှိ (၂၀ ပေ x ၆၀ ပေ)ရှိသည့် နှစ် (၆၀) မြေငှားဂရန် မြေကွက်အမှတ် ၁၁၁၇/ခ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်ကို ဝယ်ယူထားသူ ဦးဖြိုးမောင်မောင် (၉/ခမစ(နိုင်)၀၁၀၆၈၅)က အမည်ပြောင်း ပြုလုပ်ရန် လိုအပ်ပါ၍ မြေကွက်အမည်ပေါက် ဒေါ်အေးအေးသန်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် မြေပုံ၊ မြေရာဇဝင်ကို ကူးယူပေးပါရန်နှင့် မှတ်ပုံတင် မြေကွက်အရောင်း အဝယ်စာချုပ်တွင် ရောင်းသူနေရာ၌ လက်မှတ်ရေးထိုးပေးရန်အတွက် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇) ရက်အတွင်း အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ပေးပါရန် တောင်းဆို အပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဖြိုးမောင်မောင်** | **ဦးအောင်သိန်းကျော် (LL.B)** |
| **၉/ခမစ(နိုင်) ၀၁၀၆၈၅** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃)** |
| | **ရုံးခန်း - တိုက်အမှတ် (၃၈)၊ ပထမထပ်၊** |
| | **သမိန်ဗရမ်းလမ်း၊ ဒွေးကြွယ်ကရပ်ကွက်၊** |
| | **တာမွေမြို့နယ်၊ ရန်ကုန်မြို့။** |
| | **Ph: 09-761036906, FB: aungtheinkyaw** |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ သိလ္လာဂါတ်စုကျေးရွာအုပ်စု၊ ကမ်းနီကျေးရွာနေ မန်းရွှေလှဝင်း ၁၄/မမန(နိုင်)၁၄၈၈၅၆၊ နန့်ဘွယ်ဖေါင် ၁၄/မမန(နိုင်)၂၀၁၇၀၃ တို့၏ သမီးဖြစ်သူ နန့်ဆုလှိုင်ဝင်း ၁၄/မမန(နိုင်) ၂၉၃၀၅၇ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စနှင့် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို ပြုမူဆောင်ရွက်သွားသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဖခင်မန်းရွှေလှဝင်းနှင့် မိခင်နန့်ဘွယ်ဖေါင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငယ်ငယ်မြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၉၇)**
**ဖုန်း-၀၉-၄၂၄၈၃၈၄၅ ၊ မြောင်းမြမြို့**

## "မြန်မာ့သင်္ဘောကျင်း - အေအမ်အီးစီစီ ဖက်စပ်ကုမ္ပဏီ လီမိတက်"
## (MYANMA SHIPYARDS-AMECC JOINT VENTURE COMPANY LIMITED)
## လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၆၄ အရ တရားရုံးမှ စာရင်းရှင်းလင်း ဖျက်သိမ်းကြောင်း အသိပေးစာ

အထက်ဖော်ပြပါ မြန်မာ့သင်္ဘောကျင်း - အေအမ်အီးစီစီ ဖက်စပ်ကုမ္ပဏီ လီမိတက် (MYANMA SHIPYARDS-AMECC JOINT VENTURE COMPANY LIMITED) အား ၂၀၂၆ခုနှစ်၊ မတ်လ (၃၁) ရက်တွင် ကမာရွတ်ခရိုင် တရားရုံးမှ လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၆၁ (က)(၂) နှင့် (၄) တို့အရ စာရင်း ရှင်းလင်း ဖျက်သိမ်းရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ခင်သန်းဦး** | |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **ဦးဝင်းဌေးညွန့်** |
| **(Winding Up by Court)** | **ပူးတွဲ စာရင်းရှင်းလင်းဖျက်သိမ်းရေး** |
| **(၅/ဘီ)၊ နှင်းဆီကွန်ဒို၊ အမှတ်(၁၈၂/၁၉၄)၊** | **အရာရှိ (Winding Up by Court)** |
| **ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်** | **အမှတ်(၄၀၁)၊ စပယ်ဖြူကွန်ဒို(ဘီ)၊** |
| **မြို့နယ်၊ရန်ကုန်မြို့၊** | **လေးထောင့်ကန်လမ်း၊ ဇဝန** |
| **ဖုန်း - ၀၉-၂၅၀၅၀၇၁၀၁** | **ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း - ၀၉-၅၁၂၃၀၈၀** |

## အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လက်သမားရပ်ကွက်၊ ဦးဘရဲ တာကြီးတန်းနေ ဦးခင်မောင်ကျော် (ဘ) ဦးတင်ဝိုင်း ၁၄/ဟသတ (နိုင်)၀၅၇၇၉၆ မှ ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာငါးဆယ် တောင်ရပ်ကွက်၊ အလယ်လမ်းနေ ဦးကျော်ဇင်လှိုင် (ဘ) ဦးဟန်ညွန့်လှိုင် ၁၄/ဟသတ(နိုင်)၃၃၁၆၈၃ အား ၃-၈-၂၀၂၃ ရက်တွင် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ် (၀၂၄/၂၀၂၃)အား ပြန်လည် ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ကျော် (ဘ) ဦးတင်ဝိုင်း**
**၁၄/ဟသတ(နိုင်)၀၅၇၇၉၆**
**လက်သမားရပ်၊ ဟင်္သာတမြို့**

## ကလောမြို့နယ်ရှိ အမွေဆိုင်မြေ၊ အိမ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ အမှတ် (၄)၊ သိမ်တောင်ကုန်းရပ်၊ ဦးပိုင်အမှတ်-၅၅/၁၊ ဧရိယာ (၀. ၂၀၄) ဧကရှိ ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံအား အမည်ပေါက် ပိုင်ဆိုင်သူ ဖခင် ဦးမောင်မောင်ရီသည် (၂၉-၆-၁၉၉၉) ရက် တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ကြည်သည် (၁၂-၁၀-၂၀၀၈) ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြပြီး ကျန်ရစ်သူ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် သားသမီးများဖြစ်ကြသည့် ဦးရီလွင်ညို၊ ဒေါ်မူမူညို၊ ဒေါ်ရီရီပြုံး၊ ဒေါ်ပိုပိုညို၊ ဦးလူလှညို တို့မှ မြန်မာ့ဓလေ့ ထုံးတမ်းနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ကြပါသည်။ အဆိုပါမြေနှင့်အိမ်အား ပိုင်ဆိုင်ခွင့်ရှိသူ သားသမီးများမှ ရောင်းချရန်အတွက် စီစဉ်နေချိန်တွင် မောင်နှမအချင်းချင်း အထင်အမြင်လွဲမှားမှုများ ရှိခဲ့ခြင်းကြောင့် (၁၂-၇-၂၀၂၃) ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမွေဆိုင်များအားလုံး သဘောတူ သိရှိခြင်းမရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်းများ မပြုလုပ်ရန် ဒေါ်ရီရီပြုံးနှင့် ဦးလူလှညိုတို့မှ ကန့်ကွက်ခဲ့ကြပါသည်။ ယခုအခါ အမွေပိုင်ဆိုင်ခွင့်ရှိသူသားသမီးများအားလုံးမှ ညှိနှိုင်း သဘောတူညီမှုရရှိခဲ့ကြပြီးဖြစ်သဖြင့် (၁၂-၇-၂၀၂၃) ရက်စွဲဖြင့် (ယခင်) မြန်မာ့အလင်းသတင်းစာ၌ ထည့်သွင်းကြေညာခြင်းနှင့် ဌာနဆိုင်ရာအစိုးရရုံးဌာန အသီးသီးတို့၌ တင်သွင်းခဲ့သော ကန့်ကွက်စာအား ပြန်လည်ရုပ်သိမ်းပယ်ဖျက်ပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရီလွင်ညို၊ ဒေါ်မူမူညို၊ ဒေါ်ရီရီပြုံး၊ ဒေါ်ပိုပိုညို၊ ဦးလူလှညိုတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာမွှေး**
**LL.B, M.P.A, D.B.L, D.M.L, D.I.L, D.APsy, D.I.R, D.G.I**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၄၈)**
**အမှတ် (၁၄၄/၁)၊ နံ့ သာဖြူလမ်း၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၂၀၀၂၂၅၀၊ ၀၉-၉၇၀၃၄၈၈၄၄**

## အကြင်လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးသန်းလွင်၏ သား ဦးဝေဖြိုးဦး (၁၀/မလမ(နိုင်)၂၀၆၂၈၇) နှင့် (ဘ) ဦးကြည်စိုက်၏ သမီး ဒေါ်သီရိကြည်စိုက် (၆/မမန(နိုင်)၁၄၀၅၈၄) တို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး (၁၈-၄-၂၀၂၆) ရက်တွင် သက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေး ကိုယ်တာကိစ္စ အဝဝတို့ကိုဝင်ရောက် စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျှင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီရိကြည်စိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## သမီးစွန့်လွှတ်ခြင်း

ကျွန်တော် ဦးအောင်ဆန်း (၉/မလန(နိုင်)၀၃၀၅၃၉)၊ ကျွန်မ ဒေါ်အေးနွန်း (၁၃/ဟပတ(နိုင်)၀၁၈၄၁၂) တို့၏သမီးဖြစ်သူ မစန်းသီတာနွယ် (၁၃/မရန(နိုင်)၀၆၀၈၀၈)သည် မိဘ၏ဆိုဆုံးမမှုအား အကြိမ်ကြိမ်မနာခံပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာပါသည်။

**ဦးအောင်ဆန်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 58W/67816 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၃-၄-၂၀၂၆) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၇) တွင် ဦးအောင်ကိုကို၊ ဒေါ်သီသီထိုက်၏ "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"ကြော်ငြာတွင် သုတ (၄) လမ်း အစား သုတ (၇) လမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/36707 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ဦး ၁၄/ကခန(နိုင်) ၀၉၃၀၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/67816, SUPER ANBO 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆွေ ၉/အမရ(နိုင်)၀၅၃၃၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/79105 SAWASDEE-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်ဦး ၉/မပမ (နိုင်)၀၃၇၂၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/35277 Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီထွန်း ၅/ကလန(နိုင်) ၀၉၇၉၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အသိပေးကြော်ငြာခြင်း

၁။ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ် (၂၅/ဘုန်းကြီးကျောင်းရပ်)၊ ဦးပိုင်အမှတ် (၅၁/၅၈)၊ မြေဧရိယာ (၀.၁၄၀) ဧကရှိ မြေနေရာသည် မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၈-၂-၁၉၉၅) ရက်စွဲပါ အမှုတွဲအမှတ် ၁၄၇/က-၅/၁၉၉၅-၉၆ (အေ) ဖြင့် ဦးစိုင်းတင်လှ နှင့် ဒေါ်သဥ္ဇာရီ တို့အမည်ဖြင့် (၂၈-၂-၁၉၉၅) မှ (၂၇-၂-၂၀၂၅) ထိ နှစ် (၃၀) မြေငှားဂရန်ချထားပေးခြင်း၊ မြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ် (၈၄/၉၉)ဖြင့် မောင်ဖြစ်သူ ဦးစိုင်းတင်လှသည် လူပျိုလူလွတ်ဘဝဖြင့် သေဆုံးကြောင်းမှတ်ပုံတင်ထားရှိပြီး အမွေဆက်ခံကြောင်း ကြေညာစာချုပ်အမှတ် (၂၆၃/၂၀၀၈) ဖြင့် အမွေဆက်ခံကြောင်း ကြော်ငြာစာချုပ်ချုပ်ဆိုထားရှိခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၆-၆-၂၀၀၈) ရက်စွဲပါ စာချုပ်အမှတ် (၂၆၄/၂၀၀၈) ဖြင့် အစ်မဖြစ်သူ ဒေါ်သဥ္ဇာရီမှ ဒေါ်နန်းစိန်အေးနှင့် ဦးစိုင်းအောင်ပု တို့ (၂) ဦးအား အိမ်ဝိုင်းမြေလွှဲပြောင်းပေးကမ်းစာချုပ်ချုပ်ဆိုထားရှိခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၆-၅-၂၀၂၅) ရက်စွဲပါ စာချုပ်အမှတ် (၁၁/၂၀၂၅)ဖြင့် မောင်ဖြစ်သူ ဦးစိုင်းဆန်အောင်ပုသည် လူပျိုဘဝဖြင့် ၂၀၀၉ ခုနှစ်မှစ၍ သာသနာ့ဘောင်သို့ ရာသက်ပန်အပြီးတိုင် ရောက်သွားခဲ့ပြီး ဒေါ်နန်းစိန်အေးမှ အမွေဆက်ခံကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုထားသည့်မြေနေရာအား ဒေါ်နန်းစိန်အေးမှ မြေငှားဂရန်အမည်ပြောင်း/ သက်တမ်းတိုးချထားပေးပါရန် လျှောက်ထားတင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ် (၂၅/ဘုန်းကြီးကျောင်းရပ်)၊ ဦးပိုင်အမှတ် (၅၁/၅၈)၊ မြေဧရိယာ (၀.၁၄၀) ဧကရှိ မြေကွက်ကို ဒေါ်နန်းစိန်အေး (၁၃/မဆတ(နိုင်)၀၀၃၃၀၂) အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/သက်တမ်တိုး လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများယူဆောင်၍ မူဆယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်အသစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့**
**ဖုန်း-၀၈၂-၅၀၅၂၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ်(၄၂၄/၈၄၁)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးဇော်နိုင်ဝင်း ၉/မရမ(နိုင်)၀၈၄၇၆၉၊ ဒေါ်နှင်းဝတ်မှုံ ၁၂/ပဘတ(နိုင်)၀၀၂၂၈၅ တို့မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် သက်တမ်းတိုး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ် (၇)၊ အကွက်အမည် (သက္ကယ်တန်းရပ်)၊ ဦးပိုင်အမှတ် (၂၃ခ)၊ ဧရိယာ (၀ ဒသမ ၁၀၈) ကေအနက်မှ ဧရိယာ (၀ ဒသမ ၀၆၂) ကေကို ဘိုးဘပိုင် အမည်ပြောင်းရန် ဦးကျော်ကျော်ဝင်း (ခ) ဦးကျော်ဇောမှ လျှောက်ထားသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက (၂၀၂၆) ခုနှစ်၊ မေလ ၉ ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ် (၇)၊ အကွက်အမည် (သက္ကယ်တန်းရပ်)၊ ဦးပိုင်အမှတ် (၂၃က)၊ ဧရိယာ (၀ ဒသမ ၁၀၈) ကေကို ဘိုးဘပိုင် အမည်ပြောင်းရန် ဦးအောင်မင်းမှ လျှောက်ထားသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေး ထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက (၂၀၂၆) ခုနှစ်၊ မေလ (၉) ရက်နေ့ မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ် (၆)၊ အကွက်အမည် (ပန်းဆိုးတန်းရပ်)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ (၀ ဒသမ ၀၈၉) ကေနှင့် ဦးပိုင်အမှတ် (၉ဃ)၊ ဧရိယာ(၀ ဒသမ ၀၃၂)ကေ စုစုပေါင်း ဧရိယာ(၀ ဒသမ ၁၂၁) ကေကို ဘိုးဘပိုင်အမည်ပြောင်းရန် ဦးကျော်ကျော်ဝင်း(ခ) ဦးကျော်ဇောမှ လျှောက်ထားသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက (၂၀၂၆) ခုနှစ်၊ မေလ (၉) ရက်နေ့ မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဘ) ဦးရဲလင်းချို (၁၂/ရကန(နိုင်)၀၀၆၂၆၀)၊ (အမိ) ဒေါ်စိုးစိုးအောင် (၁/မကန(နိုင်)၀၁၂၉၄၈ တို့၏ သားဖြစ်သူ မောင်ချမ်းမြေ့အောင် (၁၂/ရကန(နိုင်)၀၈၂၉၃၃) သည် မိဘများဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို (လုံးဝ) လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဖခင် ဦးရဲလင်းချို**
**မိခင် ဒေါ်စိုးစိုးအောင်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
## ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဝယ်ယူမည့် အောက်ဖော်ပြပါ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း (၇) မျိုးနှင့် ရုံးသုံးပရိဘောဂ (၃) မျိုးတို့ကို ပြည်တွင်းသုံးငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်-

| | | | |
|---|---|---|---|
| Lot.1 | External Harddisk ITB | (77) | Nos |
| Lot.2 | Colour Inkjet Printer (A3) | (8) | Nos |
| Lot.3 | Desktop Computer (Graphic) | (2) | Sets |
| Lot.4 | Desktop Computer | (26) | Sets |
| Lot.5 | Laser Printer (A4) (B & W) | (45) | Nos |
| Lot.6 | Digital Multifunction Copier With Feeder (B & W A3) | (10) | Nos |
| Lot.7 | Document Scanner A4 | (12) | Nos |
| Lot.8 | Iron Cabinet (3' x 1'6" x 6') | (56) | Nos |
| Lot.9 | Officer Table (5' x 3' x 2'6") | (27) | Nos |
| Lot.10 | Office Table (4' x 2'6" x 2'6") | (59) | Nos |

၂။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်တွင် (၂၇-၄-၂၀၂၆) ရက်မှစ၍ တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပြီး (၂၃-၅-၂၀၂၆) ရက်၊ ညနေ (၁၆:၃၀) နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့်ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်လက်ခံရေးကော်မတီ**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ရုံးချုပ်)**
**ရုံးအမှတ် (၄၁)၊ နေပြည်တော်**
**ဖုန်း - ၀၆၇-၃၄၀၈၇၄၅**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ် (၇)၊ အကွက်အမည် (သက္ကယ်တန်းရပ်)၊ ဦးပိုင်အမှတ် (၂၃ခ)၊ ဧရိယာ (၀ ဒသမ ၁၀၈) ကေအနက်မှ ဧရိယာ (၀ ဒသမ ၀၄၆) ကေကို ဘိုးဘပိုင် အမည်ပြောင်းရန် ဦးအောင်မင်းမှ လျှောက်ထားသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက (၂၀၂၆) ခုနှစ်၊ မေလ ၉ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ (၀ ဒသမ ၁၁၀) ကေရှိ မြေကွက်အမှတ် (ပ-၂၂၅၇၁) ကို အမည်ပေါက် ဒေါ်မီမီပြေမောင်(ဘ)ဦးပြေမောင် ၁၂/ရကန(နိုင်)၀၅၀၅၄၈ မှ ဦးဌွန်းလတ် (ဘ) ဦးဆန်းဒေး ၁၂/ကမရ(နိုင်)၀၆၁၄၀၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်သော ဦးဝဏ္ဏထွန်း (ဘ) ဦးမြင့်အေး ၉/မထလ(နိုင်)၁၇၁၆၇၉ နှင့် ဒေါ်ဆုလှိုင်ဖြိုး (ဘ) ဦးချောမူ ၁၂/အစန(နိုင်) ၁၈၃၀၀၇ တို့သည် (၂၀၀၉) ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်ရင်းမှ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသည့်အတွက် (၁၁-၅-၂၀၂၅) ရက်တွင် ဆွေမျိုး အသိသက်သေတို့၏ ရှေ့မှောက်၌ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးဖြစ်သည့်အတွက် ကွာရှင်းပြီးသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေး ပတ်သက်ဆက်နွှယ်မှုမရှိပါကြောင်းနှင့် တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စများကို တစ်ဦးမှ ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဆုလှိုင်ဖြိုး** | **ဒေါ်အေးအေးအောင် (LL.B,Advocate)** |
| **၁၂/အစန(နိုင်)၁၈၃၀၀၇** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ် (၅၄၁)၊ ရွာသစ်အရှေ့၊** | **(စဉ်-၁၆၀၈၂/၁၉)** |
| **အောက်မင်္ဂလာဒုံလမ်းမကြီးဘေး၊** | **ဆူးလေကုန်းရပ်၊ မုံရွာမြို့၊** |
| **အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊** | **ဖုန်း-၀၉-၂၆၀၃၆၁၇၃၃** |
| **ရန်ကုန်တိုင်းဒေသကြီး** | |

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ SUCCESS ကိုယ်ပိုင်အထက်တန်းကျောင်း Grade(6) မှ မဗန်လာလ်ကိမ်းနှင့် Grade(5) မှ မဘွဲ့နိုင်ဖဲလ်တို့၏ ဖခင်ဦးဆန်းဗယ် (ခ) ဦးဗင်လုံစံဗဲ ၄/ဖလန(နိုင်) ၀၀၇၈၅၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း

**ဦးဆန်းဗယ် (ခ) ဦးဗင်လုံစံဗဲ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6062, Suzuki Carry DA2IT, P/U(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၁၃/ကမန(နိုင်)၀၈၂၂၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**ကျောက်မဲမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/94926, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဖိုလ်ဖိုလ်ထွန်း ၅/ထခန(နိုင်)၀၆၆၆၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/24442 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၁၄/လမန(နိုင်) ၀၇၂၄၉၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/56815 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၁၄/ဇလန(နိုင်) ၀၅၃၆၈၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/7662 (Suzuki CARRY) ယာဉ်လက်ဝယ်ရှိသူ ဦးလားဂိုအဲငါ မှတ်ပုံတင်အမှတ် ၅/ကလထ(နိုင်)၁၆၁၁၆၆ က စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## အလိမ္မာ စာမှာရှိ

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ဃ/၅၆၃၅၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
## ရုံးချုပ်အမှုတွဲခန်း ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရုံးချုပ်အမှုတွဲခန်း(၄၀' x ၅၀' x ၂၄') RC (၂)ထပ် ဆောက်လုပ်ခြင်း (အတွင်း ရေ၊ မီး၊ မိလ္လာ၊ Apron &Drain အပါ အဝင်) အဆောက်အအုံ (၁) လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထဲမှ လုပ်ကိုင်လိုသူမည်သူမဆို အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၄-၂၀၂၆ ရက်
(ခ) **တင်ဒါရောင်းချမည့်နေရာ** - ရုံးအမှတ် (၄၁)၊ နေပြည်တော်
(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၆-၅-၂၀၂၆ ရက် ညနေ (၄:၃၀) နာရီ

၃။ သတ်မှတ်တင်ဒါ လျှောက်လွှာပုံစံကိုသာ အသုံးပြုလျှောက်ထားရန်ဖြစ်ပြီး အခြားလျှောက်လွှာပုံစံများကို အသုံးပြုခြင်း၊ သတ်မှတ်တင်ဒါပုံစံကို ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ပါ။

၄။ တင်ဒါပုံစံဝယ်ယူခြင်းအပါအဝင် တင်ဒါခေါ်ယူသည့်အဆောက်အအုံ၏ အသေးစိတ်အချက်အလက်များ၊ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်လက်ခံရေးကော်မတီ**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**ရုံးအမှတ် (၄၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၈၇၄၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/65906, New Zhingng 110 ယာဉ်လက်ဝယ်ရှိသူ မဂျော်လီဟဲ ၁/ပတအ(နိုင်) ၀၃၂၁၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/36656, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၁၃/ကမန(နိုင်)၀၈၂၂၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**ကျောက်မဲမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/50194, Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၉/အမရ(နိုင်)၀၆၅၆၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၃၁၆၈၁ Turbo Star-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်ထက်လွင် ၉/လဝန(နိုင်)၁၈၃၈၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀-F ရွာမ၊ မြေကွက်အမှတ်- ၆၅/C (၀.၀၆၄) ဧကရှိ "ဒေါ်မြင့်မြင့်မော် + ၃" အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေရပြီး) အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက် လိပ်စာအမှတ် (၂၇၅)၊ မင်းကြီးလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်၍ အမည်ပြောင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဦးသိန်းအောင် (၉/မရမ (နိုင်)၀၆၄၆၂၇) နှင့် ဒေါ်လီအိုင်လန့် (၉/မရမ(နိုင်)၀၆၄၆၂၈) တို့ထံမှ ကျွန်ုပ်မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန် (၂၃-၄-၂၀၂၆) ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်နှင့်မြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့ကြေညာချက်ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူသွယ်ယု (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၂၀၂)**
**အမှတ် (၁၃/၁၅)၊ ဒုတိယထပ်၊ ဗဟန်း (၃) လမ်း၊ မြို့မရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၅၆၈၁၁၇၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ကျွန်မ ဒေါ်လှလှအေး ၁၂/ပဘတ(နိုင်)၀၁၆၄၂၈ ၏ သားဖြစ်သူ မောင်နေထွန်းထက်မောင် ၁၂/ပဘတ(နိုင်) ၀၃၅၀၄၀ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမဆို ကျွန်မ ဒေါ်လှလှအေးမှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှအေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူးချုပ် အောင်သိန်း (ငြိမ်း)**
**ညွှန်ကြားရေးမှူး(ငြိမ်း) ကကပြည်**
**ဒုတိယဝန်ကြီး(ငြိမ်း) ပြန်ကြားရေးဝန်ကြီးဌာန**
**အသက်(၈၇)နှစ်**

ဗိုလ်မှူးချုပ် အောင်သိန်း (ငြိမ်း) သည် ၂၃-၄-၂၀၂၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်အောင်မြင့် + ဒေါ်ခင်ပြုံး**

## ဝမ်းနည်းကြေကွဲခြင်း
**ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ် အောင်သိန်း (ငြိမ်း)**
**ဒုတိယဝန်ကြီး (ငြိမ်း) ပြန်ကြားရေးဝန်ကြီးဌာန**
**{OTS(29)}**
**အသက် (၈၇)နှစ်**

ဗိုလ်မှူးချုပ် အောင်သိန်း (ငြိမ်း) သည် ၂၃-၄-၂၀၂၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ် ကျော်ဆန်း (ငြိမ်း) - ဒေါ်ကြည်ကြည်ဝင်း**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပြန်ကြားရေးဝန်ကြီးဌာန**

## ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ် အောင်သိန်း (ငြိမ်း)
**ဒုတိယဝန်ကြီး (ငြိမ်း)**
**ပြန်ကြားရေးဝန်ကြီးဌာန**
**OTS(29)**
**အသက် (၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာနေ (ဒေါ်ခင်မေသောင်း)၊ (ဒေါ်တင်တင်နွယ်)တို့၏ ခင်ပွန်း၊ ဒေါက်တာသန့်စင်အောင်၊ ဦးသန်းအောင်-ဒေါ်စန်းစန်းအောင်၊ ဒေါက်တာကျော်စောအောင်တို့၏ဖခင်၊ မြေး နှစ်ယောက် တို့၏အဘိုး၊ မြစ် နှစ်ယောက် တို့၏အဘေး ဗိုလ်မှူးချုပ် အောင်သိန်း(ငြိမ်း) သည် ၂၃-၄-၂၀၂၆ (ကြာသပတေးနေ့) ၁၅:၀၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ တပ်မတော်ဆေးတက္ကသိုလ်သို့ ခန္ဓာကိုယ်ကို လှူဒါန်းပြီးဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ကျောင်းဒါယကာကြီး**
**ဦးရွှေငို**
**အသက် (၉၇) နှစ်**

နေပြည်တော်တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ နယ်မြေ (၄)နေ ဦးတင်မြင့်-ဒေါ်တင်ငွေ၊ ဦးသိန်းဝင်း - ဒေါ်ဝင်း၊ ဦးစိုးလှိုင်-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်သန်းသန်းဆင့်၊ ဒေါ်မြင့်မြင့်ဝေ၊ ကိုဝင်းလှိုင်-မသင်းသင်းမာ၊ မသန်းသန်းထွေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး (၁၈) ယောက်၊ မြစ်(၂၀)ယောက်၊ တီ (၇) ယောက်တို့၏အဘိုး၊ ဒေါ်ခင်ကြည်၏ ခင်ပွန်း(ဘုရား၊ ကျောင်းဒါယကာကြီး) ဦးရွှေငို သည် ၂၂-၄-၂၀၂၆ ရက်နေ့တွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်သူ ဇနီးဒေါ်အေးသီနိုင်**
**မိသားစုနှင့် တပ်ကုန်းမြို့နယ်ထွေအုပ်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်စောကြည်**
**သူနာပြုဆရာမကြီး(ငြိမ်း)**
**အသက် (၉၆) နှစ်**

မန္တလေးမြို့နေ ဦးအေးကျော်အောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ Y.C.D.C-ငြိမ်း)-ဒေါ်မေသူခင် တို့၏ မိခင်သည် ၂၃-၄-၂၀၂၆ ရက် (ကြာသပတေးနေ့) တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းနိုင်-ဒေါ်ခိုင်ဇာလွင် မိသားစု**

## ဒေါ်စောကြည်
**သူနာပြုဆရာမကြီး (ငြိမ်း)**
**အသက် (၉၆) နှစ်**

မန္တလေးမြို့နေ (ဦးဘတူ-ဒေါ်ငွေ)တို့၏သမီး၊ ဦးခင်မောင်၏ဇနီး၊ ဦးဝင်းမြတ်သူ (ဦးစီးအရာရှိ) - ဒေါ်ခင်မလေး၊ဒေါ်အိအိခင်(ခေတ္တစင်ကာပူ)၊ဦးအေးကျော်အောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်-Y.C.D.C)(ငြိမ်း) - ဒေါ်မေသူခင်တို့၏ ကျေးဇူးရှင်မိခင်၊ မြေး (၅) ယောက်တို့၏ ဘွားဘွားသည် ၂၃-၄-၂၀၂၆ (ကြာသပတေးနေ့) နံနက် (၁:၄၂) နာရီတွင် အမှတ်-ဏ/၇(၁၀၃)၊ (၆၃) လမ်း၊ ၁၀၆ လမ်းနှင့် ၁၀၇လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၆ရက် (သောကြာနေ့) နံနက် (၉:၃၀) နာရီတွင် မန္တလေးမြို့၊ တောင်အင်းမြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။
(နေအိမ်မှကားများနံနက် (၈:၃၀) တွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားနာကို ၂၇-၄-၂၀၂၆ရက် (တနင်္လာနေ့) နံနက် (၇:၀၀)နာရီမှ (၁၀:၀၀)နာရီအထိ အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**ဦးမြရွှေ (ထန်းလျက်ရောင်းဝယ်ရေး)**
**အသက် (၇၉) နှစ်**

တောင်တွင်းကြီးမြို့၊ မောင်းတိုင်(၁)ရပ်ကွက်၊ ကြက်သဲလမ်းနေ (ဦးလှမိုန်-ဒေါ်လှခင်) တို့၏သား၊ (ဦးဘချစ်-ဒေါ်ခင်ပု)တို့၏ သားသမက်၊ ဒေါ်သန်းသန်းငွေး၊ ဦးဇော်ဝေဦး-ဒေါ်တူးတူးမာ(ထန်းလျက်ရောင်းဝယ်ရေး)၊ ဒုတိယဗိုလ်မှူးကြီးဘုန်းနိုင်(DSA)-ဒေါ်အေးအေးလွင် တို့၏ မွေးသဖခင်၊ ဗိုလ်ကြီးမင်းရဲဒွေး-ဒေါ်ဇင်မာပြုံး၊ ဗိုလ်ကြီးဝေယံထွန်း၊ မအိသက်ဝေ၊ မောင်ပြေဘုန်းသန့်၊ မဝမ်ဝမ်းတို့၏ ချစ်လှစွာသော အဘိုး၊ ဒေါ်ထွေးကြည်၏ ချစ်လှစွာသော ခင်ပွန်း ဦးမြရွှေ(၇၉)နှစ် (ထန်းလျက်ရောင်းဝယ်ရေး) သည် (၂၃-၄-၂၀၂၆)ရက် (ကြာသပတေးနေ့) နံနက် (၁၁:၁၀) နာရီတွင် ပြင်ဦးလွင်မြို့၌ (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် (၂၅-၄-၂၀၂၆) ရက် (စနေနေ့) မွန်းတည့် (၁၂) နာရီတွင် ပြင်ဦးလွင်မြို့ (၈) မိုင် ကုန်းဘောသုသာန်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား စိတ်နှလုံးညှိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။

ကားများ ပြင်ဦးလွင် စစ်ဆေးရုံ အေးငြိမ်းဇရပ်မှ နံနက် (၁၁:၀၀) နာရီချိန်တွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဇော်ဝင်း (ဗိုလ်ကြီး-ငြိမ်း)**
**(YCDC ဈေးများဌာန-ငြိမ်း)**
**အသက် (၆၇) နှစ်**

သူငယ်ချင်း ဦးနိုင်နိုင်ဝင်း-ဒေါ်အိသန္တာဇော် (AE-YCDC) တို့၏ ဖခင်ကြီး ဦးဇော်ဝင်းသည် ၂၂-၄-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**CSA-8th Batch(Upper Myanmar)**
**YCDC သူငယ်ချင်းများ**

## ဒေါ်သန္တာဦး (ခ) ရှယ်လီမြဦး
**ရုပ်ရှင်မင်းသမီး သီတာ**
**(စိန်မေရီကျောင်းသူဟောင်း)**
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးမြဦး) ငွေစာရင်းမင်းကြီး၊ (ဦးကျော်နိုင်) ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာ -(ဒေါ်ရင်ရင်) ပဉ္စရူပရုပ်ရှင်ကုမ္ပဏီတို့၏ သမီးကြီး၊ (ဦးမြင့်သိန်း (ခ) ပီတာမြဦး)၊ [ဒေါ်လှဲလှဲခိုင်(ခ)ပူစူး] နီလာညွှန့်ရိပ်သာ၊ ရေနီမြို့တို့၏ အမကြီး၊ ဒေါ်လွင်ပိုပိုထွန်း(ခ)ပိုပို၏ကြီးတော်၊ (စန္ဒရား ဦးကွန်းမောင်)၏ ဇနီး၊ [ဦးထက်အောင်(ခ)ဂူးဂူး]၏မိခင်၊ မြေးတစ်ယောက်၏ အဘွားဖြစ်သူ ဒေါ်သန္တာဦး သည် (၂၁- ၄- ၂၀၂၆)ရက် နံနက် ၇:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မော်ဘီမြို့၊ မြို့မသုသာန်တွင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်စွာ အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 4W/51535 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဦးစိုင်းသောင်းထိုက်(ခ)ဖိုးနီ
**အသက်( ၅၃ )နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ ဦးဖိုးကျားလမ်း၊ အမှတ်(၁၀)နေ (ဦးသောင်း-ဒေါ်တင်တင်ကြီး(ခ)ဒေါ်တင်မကြီး) တို့၏သားငယ်၊ ဒေါ်အေးအေးသောင်း၊ ဦးသောင်းတန်၊ ဦးသောင်းဟန်၊ ဦးသောင်းတင် တို့၏ ညီ/မောင်၊ တူ/တူမ(၆)ယောက်တို့၏ဦးလေး၊ မြေး (၁)ယောက်၏ အဘိုးဖြစ်သူသည် ၂၂-၄-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၈:၄၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၆ ရက် (သောကြာနေ့) နံနက် (၉:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ နေအိမ်မှကားများ နံနက် (၉:၀၀) နာရီတွင် စတင်ထွက်ခွါပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၂၆ ရက် (အင်္ဂါနေ့)တွင် အမှတ်(၁၀)၊ ဦးဖိုးကျားလမ်း၊ ကန်တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ချိုချိုမြင့် (ဌာနခွဲမှူး(ငြိမ်း) စက်မှု/စားကုန်)**
**အသက် (၇၉) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ ၉၃လမ်း၊ အမှတ် (၈၅) နေ (ဦးလှမြင့်-ဒေါက်တာဒေါ်ခင်လှ) တို့၏ သမီးကြီး၊ (ဗိုလ်မှူးမောင်မောင်မြင့်-ငြိမ်း) - ဒေါ်မူယာဖြူ၊ ဗိုလ်မှူးထွေးမြင့်(ငြိမ်း)-ဒေါ်တင်တင်ဝင်း တို့၏အစ်မ၊ (ဒေါက်တာ ဦးငွေသိန်း)၏ ဇနီး၊ ဦးမျိုးဝင်းနိုင်-ဒေါ်တင်မာလာသိန်း၊ ဦးဇော်အောင်ချို -ဒေါ်ရည်မွန်အောင်၊ ဦးအောင်ခိုင်စိုး-ဒေါ်သီတာသိန်း တို့၏ ကျေးဇူးရှင်မိခင်ကြီး ၊ မြေး (၅) ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၁-၄-၂၀၂၆ရက် (အင်္ဂါနေ့) ည (၈:၄၀)နာရီတွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၂-၄-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၂၆ ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ကျန်ရစ်သူမိသားစုများမှ ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၆)၊ သပြေညိုလမ်း၊ မြေကွက်အမှတ်(၁၄၃၈) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်ခင် (၁၂/သဃက(နိုင်)၀၃၀၄၀၂)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးကိုကိုဦး (၁၂/ဒဂတ(နိုင်)၁၄၈၄၄၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းဦး (၁၂/ဥကတ(နိုင်)၁၆၄၉၅၃) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ မြင်းဘတ်ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဒေါ်တင်တင် ၉/မရတ(နိုင်)၀၅၅၆၁၁ နှင့် သမီး ဒေါ်ဖြူဖြူဝင်း ၉/ မရတ(နိုင်)၀၅၅၆၁၂၊ (ဘ) ဦးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ တောမရွာ၊ ကျွန်းတန်းလမ်း မျက်နှာစာ ပေ(၄၀) x ရှေ့နောက် ပေ(၅၀) ရှိ အိမ်ဝိုင်းမြေနှင့် ၎င်းမြေပေါ်ရှိ RC နှစ်ထပ်တိုက်တို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင် ပိုင်ဆိုင်သော တိုက်အိမ်နှင့် ဝိုင်းမြေဖြစ်ပါသည်။ ၎င်းတိုက်အိမ်နှင့် အိမ်ဝိုင်းမြေကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်နှင့် သမီးဖြစ်သူ ဒေါ်ဖြူဖြူဝင်းတို့ မသိရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်းများ ပြုလုပ်လာပါက လက်ခံဝယ်ယူသူသာ ဆုံးရှုံးနစ်နာမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပပဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ် ၁၅၇၂၈)**
**အမှတ် (၂/ ခ) စံပယ်လမ်း၊ သိင်္ဂါရပ်ကွက်၊ မကွေးမြို့၊**
**ဖုန်း - ၀၉-၄၀၁၅၅၆၅၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ မြေကွက်အမှတ် (၁၁၈၅/ခ)၊ပေ(၂၀x၆၀)အကျယ်အဝန်းရှိ ဒေါ်အေးအေးမွန် (၇/ဒဥန(နိုင်)၀၂၃၀၈၀) အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ အမည်ပေါက်ကိုယ်တိုင် ဒေါ်အေးအေးမွန် (ဘ) ဦးတင်အေး (၇/ဒဥန(နိုင်)၀၂၃၀၈၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူသူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အိအိစိုး (LL.B ,D.B.L,D.I.L)** | **ဒေါ်နှင်းသီရိ (LL.B)** |
| **(စဉ် - ၁၄၆၃၀)** | **(စဉ် - ၁၉၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၀၂) ၊ အကောက်ခွန် (၄) လမ်း ၊ ၃၉ ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၇၈၇၅၉၉၂၇၊ ၀၉-၇၉၅၇၇၂၆၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(၇၄၃B)၊ အကွက်အမည် (ဥယျာဉ်အကွက်)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ(၀.၀၆၁)ဧကရှိ မြေကွက်ကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးပါရန် ဦးနေအောင် (၇/ပမန(နိုင်)၁၁၁၇၇၅)မှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက(၂၆-၄-၂၀၂၆)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက် အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်မြို့နယ်မြေစာရင်းဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/12785, Yamaha FZN 150-5, M/C ယာဉ်လက်ဝယ်ရှိသူ မောင်ဝေယံအောင် ၇/ပမန(နိုင်)၂၁၇၀၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/93246, Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်လင်း ၉/မနတ(နိုင်)၀၇၆၉၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/20746, New Anbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဦး ၉/မဟမ(နိုင်)၀၅၉၁၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

- နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့၊ ကတိသစ္စာပြုပွဲအခမ်းအနားနှင့် ယင်းနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတမိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတို့တွင် "ပြည်သူများဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးသည် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရသူများဖြစ်၍ တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ဖို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာအရင်းအနှီးများ ရရှိစေရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို နိုင်ငံတော်မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်သာသောအတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ▼

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲစတင်ကျင်းပ

ရန်ကုန် မေ ၂၃

**၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ပထမပွဲစဉ်အဖြစ် အလုံခရိုင်အသင်းနှင့် မရမ်းကုန်းခရိုင်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။**

အဆိုပါပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ပေါင်း (၁၄) ခရိုင်မှ အသင်း ၁၄ သင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို မေ ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား/ အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ အားကစားပြိုင်ပွဲရုံအတွင်းကျင်းပခဲ့ပြီး အခမ်းအနားတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အားကစားသမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားကစားပစ္စည်းများကို ပေးအပ်ခြင်းနှင့် ဘင်ခရာအဖွဲ့အတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❖





# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံဘော်လီဘောပြိုင်ပွဲကျင်းပ

## ထားဝယ်မြို့နယ်အသင်းနှင့် ပုလောမြို့နယ်အသင်းတို့ စတင်ယှဉ်ပြိုင်

**ထားဝယ် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် ညနေ ၄ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်း နေရာယူပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးအား စစ်ရေးပြမှုးက ဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများက အလေးပြုပြီး တန်းအပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ကျင်းပပြုလုပ်သော တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံဘော်လီဘောပြိုင်ပွဲသည်

စာမျက်နှာ ၁၇ ကော်လံ ၁ ❂

## ယနေ့ သတင်းအညွှန်း


**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ (NSPNC) အဖွဲ့ဝင်များ တွေ့ဆုံ၍ လုပ်ငန်းစဉ်များ ဆွေးနွေး** ပြည်တွင်းသတင်း စာ ၇

**ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ** ပြည်တွင်းသတင်း စာ ၁၃

**ဂျပန်အရှေ့မြောက်ပိုင်းတွင် တောမီး ပျံ့နှံ့၍ ဟက်တာ ၂၀၀ ကျော် မီးဘေးသင့်** နိုင်ငံတကာသတင်း စာ ၁၄